# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ Saturday, 31 August 2024 ၁၁၅၆၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟံသာဝတီ နေပြည်တော် သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်းကျုံးအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးဆောင်ရွက်

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှုရှိလာမည်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



Reg : 219/99

ရွှေရည်ပြည့်မှန်... အာမခံသည့်....

အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း

ရန်ကုန် ၊ မန္တလေး ၊ နေပြည်တော် ၊ ပြင်ဦးလွင်မြို့များရှိ အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့်ရွှေသန့်စင်လုပ်ငန်းများအားလုံး " စက်တင်ဘာလ " မှစ၍

တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Hotline No. 01-8377733, 02-4071744 , 067-3432655 , 085-2023390

ကြေးမုံ

# ကိုယ့်မြို့ ကိုယ့်ရွာမပျက်စီးအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်တိုင်းပြည်တွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးဖြစ်သည်။ ထိုအရေးနှင့်ပတ်သက်၍ မြို့ရွာ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးကို အစိုးရ၏အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့အစည်းများက ဆောင်ရွက်ပေးပေလိမ့်မည်ဟု အကြမ်းဖျင်းဆိုကြမည်ဖြစ်သည်။ အမှန်တကယ်တွင် ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်တိုင်းပြည် လုံခြုံစိတ်ချအေးချမ်းသာယာရေးအတွက် အစိုးရသာမက ပြည်သူများတွင်လည်း တာဝန်ရှိသည်ဟု ဆိုချင်ပါသည်။

နိုင်ငံတော်အစိုးရသည် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး" ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ရပ်နှင့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်တို့ကို ချမှတ်ပြီး ၎င်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့် လိုလားချက်များကို ပြည့်ဝလာစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အနာဂတ်ကို မြော်တွေး၍ အသိပညာ၊ အတတ်ပညာနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်သို့ ဆောလျင်စွာရောက်ရှိနိုင်မည်မဟုတ်ပေ။ ဖြည့်ဆည်းပေးရမည့် ရည်မှန်းချက်များ ဆောလျင်စွာရရှိနိုင်ရေးအတွက် ပြည်သူများက ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်သင့်ပေသည်။

ပြည်သူများအားလုံး အေးချမ်းစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မြို့ရွာ ရပ်ကွက် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသောအချက်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝများကို ချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံအတွင်း၌ အကြမ်းဖက်လက်နက်ကိုင် EAO အဖွဲ့အချို့နှင့် အကြမ်းဖက် NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ပြည်သူများအား အကြောက်တရားကြီးမားလာအောင်ပြုလုပ်ပြီး မြို့ရွာများ တိုက်ခိုက်ဖျက်ဆီးနေသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ရွာများ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့ကို ဆောင်ရွက်ပေးရန်မှာ အလွန်ကျယ်ပြန့်သဖြင့် ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် မြို့ရွာများတည်ငြိမ်အေးချမ်း လုံခြုံစိတ်ချရေးအတွက် ပြည်သူများကလည်း လက်တွဲပူးပေါင်းကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

အစိုးရအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့်အချိန်တွင် ကဏ္ဍတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လိုက်နာဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၈၆)တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟုပြဋ္ဌာန်းထားသည်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်အရ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်တိုင်းပြည် ကာကွယ်ရေးအတွက် စစ်သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါဥပဒေသည် အရွယ်ရောက်သူ နိုင်ငံသားအားလုံးနှင့် အကျုံးဝင်သည်ဆိုသော်လည်း ပြည်သူအားလုံးက ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်မည်ဟူသော နိုင်ငံချစ်စိတ်ထားရှိကြရမည်ဖြစ်သည်။

သို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၃) အရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။ ပုဒ်မ (၃၈၅)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည် စသည်တို့ကို နိုင်ငံသားတိုင်း သိရှိနားလည်ရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ မြို့ရွာများကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံတော်၏ တာဝန်သာဖြစ်သည်ဆိုသည့် ခံယူချက်မှာ မမှန်ကန်ပေ။ သောင်းကျန်းသူများ၏ လက်ချက်ကြောင့် မြို့ရွာအချို့ ထိခိုက်ပျက်စီးရသည့်အဖြစ်ဆိုးများကို ဒေသခံပြည်သူများ တွေ့ကြုံနေရသည်မှာ သက်သေဖြစ်သည်။ ထို့ကြောင့် ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူများက လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နီပေါနိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို သံအမတ်ကြီး ဦးမျိုးမြင့်မောင် လုမ္ဗိနီမြို့ရှိ မြန်မာရွှေကျောင်းတော်ကြီး၌ သွားရောက်ဆက်ကပ်အပ်နှင်း

ကတ္တမန္တူ ဩဂုတ် ၃၀

နီပေါနိုင်ငံ လုမ္ဗိနီမြို့ မြန်မာရွှေကျောင်းတော်ကြီး၌ သာသနာပြုတာဝန်ထမ်းဆောင်နေသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအရှင်သူမြတ်အား ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပူဇော်ပွဲတွင် ရရှိခဲ့သည့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်အား နိုင်ငံတော်အစိုးရကိုယ်စား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်မောင်က ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ယနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သံအမတ်ကြီး ဦးမျိုးမြင့်မောင်နှင့်ဇနီး၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာရွှေကျောင်းတော်ကြီးမှ သာသနာရေးအရာရှိများ၊ ဒေသခန့်ဝန်ထမ်းများနှင့်ဒေသခံဒါယကာ၊ဒါယကာမတို့က တက်ရောက်ကြည်ညိုခဲ့ကြကြောင်းနှင့် ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



## သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များ မိမိတို့ဝန်းကျင်ရှိသစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စင်ကာပူ - မြန်မာသက်မွေးပညာသင်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အလုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူက သစ်တော၊ သစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အခြေခံအကြောင်းအရင်းများကို အသိပညာပေး ဟောပြောပေးခဲ့ရာ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀- ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁၇၇ | ၁,၅၇၅,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃,၉၅၃ | ၁၃,၆၈၅,၅၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၁၅ | ၁၃၅,၀၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁၁,၁၃၂ | ၁၉,၉၃၁,၆၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၆၅၇ | ၁,၈၃၉,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၁,၀၁၉ | ၁,၇၃၅,၉၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃၁၇ | ၁,၄၅၈,၂၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၃,၆၅၂ | ၁၂,၀၈၄,၂၀၀ |
| MADPL(PLB) | ၃၆,၀၀၀ | ၃၆,၅၀၀ | ၈၂ | ၂,၉၆၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

## ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ သီးနှံများစိုက်ပျိုးလျက်ရှိမှုနှင့် သီးထပ်သီးနှံစိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ စပါးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်အလိုက်စိုက်ပျိုးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးမှု၊ ရေအရင်းအမြစ်များရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းကိရိယာများ ဖြန့်ဝေပေးလျက်ရှိမှု၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နှစ်သီးမှ သုံးသီး သီးထွက်စွမ်းအားတိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည့် အရည်အသွေးရရှိသည်အထိ သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းစားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲခဲ့မှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ယင်းနောက် မိမိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေးလာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်စေရေး၊ သိက္ခာရှိသည့် လွှတ်တော် အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ လွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါဝင်သင့်သူများ ပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုသိရှိနိုင်ရန် ပြောကြားရခြင်းဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ထမ်းဆောင်ချိန်တွင် အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ အထောက်အပံ့များ ပေးအပ်မှုကိုလည်း လျှော့ချခဲ့ကြောင်း၊ ထိုသို့စီးပွားရေးအရ ပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင် နိုင်ငံခြားငွေများ သုံးစွဲမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထား သုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ယခင်က ပြည်ပမှဝင်နေသည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပချေးငွေများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်မှုများဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေး ကောင်းမွန်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့် လက်ဖက်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှု ရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများတိုးပေးခြင်းနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထိုက်သင့်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနှင့်ပတ်သက်သည့် ဆရာ ဆရာမများကိုလည်း ဘွဲ့များအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း။ **စာမျက်နှာ ၄ သို့** ❂

* ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်
* သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်
* လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်စေရေး၊ သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရှင်းလင်းတင်ပြစဉ်။

❂ စာမျက်နှာ ၃ မှ

### ပညာရေးနှင့် ကျန်းမာရေး

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆရာ၊ ဆရာမ များစွာ လိုအပ်နေဆဲဖြစ်ပြီး နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများလည်း ကောင်းမွန်နေရန်လိုကြောင်း၊ ပညာရည်သင်ကြားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများ အမှန်တကယ် ပညာတတ်မြောက်စေရေး အချိန်ပိုများဖြင့် သင်ကြားပေးသွားရန် လိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် ကျောင်းသားများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးလိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ပညာတတ်များ ပေါများကြွယ်ဝရန်လိုကြောင်း၊ ပညာတတ်များ ပေါကြွယ်ဝမှသာ အသိပညာ၊ အတတ်ပညာများ ရရှိပြီး စီးပွားရေးများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများရရှိရန်အတွက် အတန်းပညာကောင်းမွန်အောင် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် စီးပွားရေးအခြေခံများရရှိစေရန်အတွက် တက္ကသိုလ်များတွင် စီးပွားရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီကို သိရှိနားလည်နိုင်ရန်အတွက် တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာ အတတ်ပညာပြည့်ဝသည့် လူငယ်များ မွေးထုတ်နိုင်မည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ်တာဝန်ပေးထားကြောင်း၊ နိုင်ငံတစ်ဝန်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာများရှိရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန်လိုကြောင်း၊ လူတစ်ဦးတစ်ယောက် ကျန်းမာရေးထိခိုက်လာမည်ဆိုပါက ကာယကံရှင်ကိုယ်တိုင်သာမက ၎င်း၏ပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် မိသားစု၏အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ရေးတို့အတွက် အားကစားကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံရပ်မိ၊ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ် တာဝန်ထမ်းဆောင်လိုသည့် သူများကိုသာ တာဝန်ပေးအပ်ရန် လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ်ထိတွေ့နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပေါ် ကောင်းမွန်စွာဆက်ဆံဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကိုကျင့်သုံးပါက အမှုအခင်းများလည်း များစွာလျော့နည်းသွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းကို ကျေးလက်များအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက သန်းခေါင်စာရင်း ကောက်ယူမှုများနှင့် ရွေးကောက်ပွဲကျင်းပမှုများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍကို အလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး စသည်တို့နှင့်ပတ်သက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေမှုများ၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းဆောင်ရွက်နေမှုများကို

စာမျက်နှာ ၅ သို့ ✻

**✻ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံရပ်မိ၊ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်**

**✻ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ်တာဝန်ထမ်းဆောင်လိုသည့်သူများကိုသာ တာဝန်ပေးအပ်ရန်လို၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ်ထိတွေ့နေသူများဖြစ်**

**✻ ပြည်သူများအပေါ် ကောင်းမွန်စွာဆက်ဆံဆောင်ရွက်ရန်လို၊ အဆင့်ဆင့်သတင်းပေးသည့် စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်တွင် ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်း နှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသား ယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက် ရှိသည်။

**မိုး/ဇလ**

✻ **စာမျက်နှာ ၄ မှ**

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သိရှိနိုင်ရေး ယခုကဲ့သို့ အချိန်ယူကာ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီးမှ တစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်များ ပြသထားရှိမှု၊ နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်ဆင့် အသေးစိတ်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်အတွင်း အမြဲသန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးခေတ်အသုံးအဆောင် ပစ္စည်းများကို ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းပြသထားရန်လိုကြောင်း၊ နန်းတော်ဝင်းအတွင်း လမ်းများကောင်းမွန်အောင် ပြုပြင်ထိန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရေဝပ်ဧရိယာများမရှိစေရေး ဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်ကြီး ရေရှည် တည်တံ့နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီ နေပြည်တော်၊ သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်း ကျုံးနှင့် မြို့ရိုးနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျုံးအား ရေရှည်တည်တံ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးနေရာများကို ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့်အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်)အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာဖွင့်လှစ်





နေပြည်တော် ဩဂုတ် ၃၀

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းရှိ အဆိုပါ ပလာဇာ မျက်နှာစာ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ၊ ဌာနကြီးမှူးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်)အဆောက်အဦနှင့် ဇလပ်ဝါပလာဇာအား မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်၊ အထွေထွေ အုပ်ချုပ်ရေးရာဌာနကြီးမှူး ဦးမောင်မောင်စိုး၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ရုံးချုပ်နှင့် ဇလပ်ဝါပလာဇာ အဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဇလပ်ဝါပလာဇာသည် နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းထောင့်တွင် တည်ရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့်ဆေးပစ္စည်း၊ ကျောက်မျက်ရတနာ၊ အဝတ်အထည်၊ စာရေးကိရိယာ၊ နိုင်ငံခြားအစားအစာနှင့် ရိုးရာအစားအသောက်များ၊ Cosmetic ဆိုင်ရာများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ကျန်းမာရေး အထောက်အကူပြုစက်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံစွာ ဝယ်ယူနိုင်သည့်အပြင် ခေတ်မီကလေးကစားကွင်းများ ပါဝင်ကာ အခမ်းအနားများပြုလုပ်နိုင်သည့် ခန်းမလည်းပါဝင်ကြောင်း သိရသည်။

အဆိုပါပလာဇာအား နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၉ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများနှင့် ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသား လွှတ်တော်ရုံး ဝန်ထမ်းမိသားစု များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြု ပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်း ရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ လွှတ်တော်ရုံးများ နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ် လှူဒါန်းရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက ဂုဏ်ပြု ချီးမြှင့်ငွေကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်း ကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက ငွေကျပ်တစ်ရာ့ ခြောက်သိန်းရှစ်သောင်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကို လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ရုံး ဝန်ထမ်းမိသားစု များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစု များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံးဝန်ထမ်း မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်ဆယ်သိန်းကိုလည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ရုံး များမှ တာဝန်ရှိသူများက တိုင်းမှူး ထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေး အပ်ပြီး ကျေးဇူးတင်စကားပြော ကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိ သော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ စားသောက် ဖွယ်ရာများကို ပြည်နယ်ဝန်ကြီး ချုပ်က ပေးအပ်ရာ ဒုတိယတိုင်းမှူး က လက်ခံရယူပြီးကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက် ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက်မွန်းလွဲပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူ များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တာဝန်ရှိသူများက စေတနာရှင် အလှူရှင်များမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြား သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ နှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီး တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ် ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိ သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တက်ရောက်







နေပြည်တော် ဩဂုတ် ၃၀

(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့တွင် အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ Virtual စနစ်ဖြင့် ကြီးမှူး ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် Virtual ဖြင့် တက်ရောက် သည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ Dr. Michael Debabrata Patra နှင့် SEACEN ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy တို့က အဖွင့်အမှာစကားများပြောကြား သည်။

ဆက်လက်၍ SEACEN ခေတ္တအမှုဆောင် ဒါရိုက်တာက (၂၂) ကြိမ်မြောက် အရှေ့တောင် အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး တွင် အတည်ပြုဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းစီမံချက် များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သုတေသနဆိုင်ရာ စာတမ်းများနှင့် SEACEN ပညာသင်ဆုများခွဲဝေပေး မှုအခြေအနေများနှင့် ဘတ်ဂျက်အသုံးပြုရန် လျာထားမှု အခြေအနေများကိုလည်းကောင်း၊ Organisation for Economic Co-Operation and Development (OECD) ကို SEACEN Centre ၏ မဟာဗျူဟာမိတ်ဖက် အဖြစ် လက်ခံနိုင်ရေးကိစ္စ၊ SEACEN Centre ၏ ဝန်ထမ်းများအတွက် လစာပေးမှုဆိုင်ရာကိစ္စရပ်များ နှင့် ဝန်ထမ်းများခန့်ထားမှုနှင့်စပ်လျဉ်း၍ လည်း ကောင်း ဆွေးနွေးတင်ပြရာ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်၏ ဒုတိယဥက္ကဋ္ဌများက အကြံပြု ဆွေးနွေးမှုများ၊ လမ်းညွှန်မှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌများ တံခါးပိတ်အစည်းအဝေးကို ကျင်းပရာ အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Michael Debabrata Patra က မေခရိုစီးပွားရေးနှင့် ငွေကြေး မူဝါဒဆိုင်ရာစီမံခန့်ခွဲမှုဌာန၏ ဒါရိုက်တာရာထူးနေရာ ခန့်အပ်ရေး၊ SEACEN Centre ၏ အလယ်အလတ် အဆင့်ဝန်ထမ်းများ၏ စာချုပ်သက်တမ်းတိုးခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် SEACEN Centre ၏ ဝန်ထမ်းများကလိုက်နာရမည့် ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးခဲ့ကြပြီး လိုအပ်သည့် သုံးသပ်ဆုံးဖြတ်မှုများ ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ထားဝယ်မြို့၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ထားဝယ် ဩဂုတ် ၃၀

တနင်္သာရီ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီး ဌာန၏ ကြီးကြပ်မှုဖြင့်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၇ ရက် တွင်ကျရောက်မည့် "အပြည်ပြည် ဆိုင်ရာသန့်ရှင်းသော လေထုနေ့" အထိမ်းအမှတ်အဖြစ် စာစီစာကုံး ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းပေါင်းစုံမှ အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၁ ဦး၊ အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅ ဦးတို့က ယခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ် သည့် သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့ ဟူသော ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ဖြေဆိုနေမှု ကို တာဝန်ရှိသူများက ကြည့်ရှု အားပေးသည်။

ထို့နောက် ယှဉ်ပြိုင်ဖြေဆိုသော ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနက ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ အသိပညာပေး လက်ကမ်း စာစောင်များနှင့် အာဟာရဖြည့်မုန့်များ ဖြန့်ဝေခဲ့ ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့ မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုအားပေး၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မကွေး ဩဂုတ် ၃၀

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက်တာဝန်ခံက အီလက်ထရောနစ်စနစ်ဖြင့် စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများ စာပေလေ့လာ ဖတ်ရှုနိုင်ရန်အတွက် လူထုသိပ္ပံကျမ်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ခန်းမ၌ မကွေးမြို့ပေါ်ရှိတက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဦးစွာ **"တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်"** Vedio Clip ၊ **"၂၀၂၄ ခုနှစ် ပြင်သစ် အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားကျင်းပမှု မှတ်တမ်း"** နှင့် **"၂၀၂၄ ပြင်သစ် မသန်စွမ်းအိုလံပစ်ဖွင့်ပွဲအခမ်းအနား"** ဗီဒီယိုတို့ကိုပြသပြီး ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့အချိန်တွင် မသမာသူအဖျက်သမားများက မီဒီယာနည်းလမ်းများကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများကို အတွေးအမြင် လွဲမှားအောင် ဆောင်ရွက် နေကြကြောင်း၊ တစ်နည်းအားဖြင့် မီဒီယာကို အဆိပ်သင့်အောင် ဆောင်ရွက်၍ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်များကို မှန်ကန်စွာ ရှုမြင်သုံးသပ်နိုင်ရန် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန် လိုပါကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် မိမိဘဝမြင့်မားရေးအတွက် မှန်ကန်သည့်ရည်မှန်းချက်များထားရှိ၍ အနာဂတ်ကို ဖန်တီးကြရန်လိုကြောင်း၊ အတွေးအခေါ် မှန်ကန်တည့်မတ်စေရန်အတွက် စာအုပ်စာစောင်များ ဖတ်ရှုလေ့လာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ကမ္ဘာကြီး၏ ဖြစ်ပေါ် ပြောင်းလဲမှုများကိုလည်း နားလည်သိရှိထားရန် လိုအပ်ကြောင်း ပြောကြားကာ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ်များအတွက် DTH စလောင်း ခြောက်စုံနှင့် DVB–T2 Set Top Box ၁၅ စုံတို့ကိုပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မကွေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ဆွေးနွေးပြောကြားစဉ်။

ထို့နောက် မကွေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့အား တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုထားသည့် သုတေသနစာတမ်းများနှင့်ပတ်သက်၍ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမူမူမြစိန်က သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် မြေဆီအာဟာရဓာတ်များ ပြောင်းလဲမှုကိုလေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာ အိအိသွင်က ကောက်ညှင်းဆန်အဖြူမှ ကစီဓာတ်ကို အသုံးပြု၍ ဇီဝပလတ်စတစ်ဖလင်ကို ထုတ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုက္ခဗေဒဌာနမှ ကထိက ဒေါက်တာနွယ်နွယ်က အကျိုးပြုအဏုဇီဝအရည်နှင့် EM ဘိုကာရှီ မြေဩဇာသုံးစွဲမှုနှင့် နေကြာပင်အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း စသည့် စာတမ်းများကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းမှုနှင့် သီးနှံများအထွက်တိုးရန် ဆောင်ရွက်နေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ အောင်မြင်စေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အများပြည်သူ အနားယူအပန်းဖြေရန် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပေးထားသည့် ကန်သာမင်္ဂလာကန်တော် တည်ဆောက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကန်သာမင်္ဂလာကန်တော်သည် ယခင်က တိမ်ကောနေသော ရေကန်ကြီးတစ်ခုဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က အများပြည်သူနှင့်သက်ဆိုင်သော၊ စိမ်းလန်းသာယာသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ စိတ်လက်ပေါ့ပါးစေသော၊ ခေတ်မီသပ်ရပ်သော အပန်းဖြေနေရာတစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးမြို့ကမ်းနားလမ်းရှိ MSME လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချနေမှုနှင့် Night Market စီစဉ်ဖွင့်လှစ်၍ အများပြည်သူ အပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မကွေးမြို့ကမ်းနားလမ်းရှိ MSME လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ မကွေးတိုင်းဒေသကြီး၏ MSME လုပ်ငန်းများမှ ထုတ်လုပ်သည့် ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ခြင်းနှင့် ဈေးနှုန်း သက်သာခြင်းများကြောင့် ပြည်သူများ ကြိုက်နှစ်သက်ကာ ဝယ်ယူအားပေးလျက်ရှိနေကြောင်း သိရသည်။

**သတင်းစဉ်**

## တိုးတက်အောင် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တိုးတက်အောင် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် သုစာရိတ္တဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာများအား အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းခဲ့သည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးပွဲတွင် ပြည်တွင်း စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များချိတ်ဆက်၍ ဆောင်ရွက်နိုင်သည်များ၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များနှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် ဗဟုသုတ၊ အသိပညာများကို ပြန်လည်အသုံးချခြင်းဖြင့် စက်မှုဇုန်ဖော်ဆောင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြင်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနသည် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် စက်မှုဇုန်များ တည်ထောင်ခဲ့သည့် ရည်ရွယ်ချက်များကိုသိရှိမှသာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အမှားအနည်းဆုံးဖြင့် ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင်ဖော်ဆောင်ရေး၊ မြို့နေပြည်သူများအတွက် လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ကော်မတီများနှင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်းဆိုင်ရာများကိုလည်းကောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သည့် စက်မှုဇုန်များအခြေအနေ၊ ပြည်တွင်းစက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်များ၊ အထူးစီးပွားရေးဇုန်များအတွက် အခြေခံအဆောက်အအုံများ၏ အရေးပါမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများက ဒေသအတွင်းရှိစက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ၏ အခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တတ်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌက အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများသို့ ကွင်းဆင်းအားပေး



ရန်ကုန် ဩဂုတ် ၂၀

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ်ရှိ Gold Emperor Co.,Ltd. ဖိနပ်စက်ရုံနှင့် Universal Apparel Co.,Ltd. အထည်ချုပ်စက်ရုံ၊ မြန်မာစိုးစံဝင်း ဖိနပ်စက်ရုံနှင့် Sen Yu Clothings Corporation Co.,Ltd. အထည်ချုပ်စက်ရုံတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုးတိုးတက်စေရေး ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ CMP လုပ်ငန်း စနစ်တကျရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း၊ ဆပ်ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သက်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျက်ရှိကြောင်း။

CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှု လျော့နည်းပပျောက်စေရေး တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ စက်ရုံတာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆုချီးမြှင့်**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရ သင်တန်းသား သုံးဦးအား ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ သင်တန်းဆင်း သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ဖိတ်ကြားထားသော အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**

❖

# ကျောင်းကုန်းမြို့၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ



ကျောင်းကုန်း ဩဂုတ် ၂၀

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးမြတ်ဇော်မင်းက ကောက်ကွက် ဧရိယာအတွင်း စာရင်းမထပ်၊ မကျန်၊ အမှန်ရအောင် ကောက်ယူသွားရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူမည့် လုပ်ငန်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကြွက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်

# (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)

ကိုကိုလှိုင်

**(ယမန်နေ့မှအဆက်)**

ထိုသို့ ယမ်းအိုးက အဆင်သင့်ဖြစ်လာချိန်၌ မီးပွားတစ်စကလည်း တိုက်တိုက်ဆိုင်ဆိုင် ပေါ်ထွက်လာသည်။ ယင်းမှာ အလုပ်အကိုင် ခွဲတမ်းကိစ္စဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၁ ခုနှစ် လွတ်မြောက်ရေးစစ်ပွဲ၌ ကိုယ်ကျိုးစွန့် ပါဝင်ခဲ့ကြသူများ၏ မိသားစုများအတွက် အစိုးရဝန်ထမ်းအလုပ်အကိုင်၏ ၃၀ ရာခိုင်နှုန်းအား ခွဲတမ်းသတ်မှတ်ပေးခဲ့သည်။ နောင်အခါ ဤကိစ္စနှင့်ပတ်သက်၍ ဆန့်ကျင်ဆူပူမှုများရှိခဲ့သောကြောင့် ၂၀၁၈ ခုနှစ်တွင် ဤစနစ်ကို ဖျက်သိမ်းခဲ့သည်။ သို့သော် သက်ဆိုင်ရာမိသားစုများက တရားရုံးအဆင့်ဆင့်တွင် အယူခံဝင်ခဲ့ကြရာ ၂၀၂၄ ခုနှစ် ဇွန်လတွင် ဗဟိုတရားရုံးက ခွဲတမ်းစနစ် ပြန်လည်ကျင့်သုံးရန် အမိန့်ချခဲ့သည်။ ယင်းမှာ အဝါမီလိဂ်ကို ဆန့်ကျင်ထိုးနှက်လိုသူများအတွက် လက်နက်ကောင်း ဖြစ်သွားခဲ့သည်။

အကြောင်းမှာ လွတ်လပ်ရေးတိုက်ပွဲဝင်သူအများစုမှာ အဝါမီလိဂ်မှဖြစ်ပြီး ဆွေစဉ်မျိုးဆက် အဝါမီလိဂ်ပါတီဝင်နှင့် ထောက်ခံသူများဖြစ်နေကြသောကြောင့်ပင် ဖြစ်လေသည်။ လူဦးရေများပြီး အလုပ်အကိုင်ရှားပါးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နှစ်စဉ် အစိုးရအရာထမ်း ရာထူးဝင်ပေါက် ၃၀၀၀ ခန့်သာရှိရာတွင် တစ်နိုင်ငံလုံးမှ လျှောက်ထားသူ ငါးသိန်းခန့်ရှိသည့်အတွက် ယင်းဝင်ပေါက်နေရာ အနည်းငယ်မှ ၃၀ ရာခိုင်နှုန်းထပ်၍ လျော့သွားမည့်အပေါ် မကျေနပ်မှုက အဝါမီလိဂ်ကို ဆန့်ကျင်မုန်းတီးမှုအဖြစ် ပြောင်းလဲသွားခဲ့သည်။ ထိုမကျေနပ်မှု ဆန့်ကျင်မုန်းတီးမှုမှာ အလုပ်ရှာနေသည့် ပညာတတ်လူငယ်များအကြား၌ အများဆုံး ပေါ်ပေါက်ခဲ့ရာ လူထုအုံကြွမှုကို အစပျိုးသည့်နေရာမှာ လူငယ်ထုဖြစ်လာသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဦးရေ သန်း ၁၇၀ တွင် လူငယ် ၃၂ သန်းခန့်မှာ အလုပ်လက်မဲ့ဖြစ်နေကြသည်ဟု ဆိုပါသည်။

ယင်းပညာတတ် လူငယ်ထုအတွင်း အစိုးရဆန့်ကျင်ရေး ဦးဆောင်လှုပ်ရှားမည့်သူများမှာလည်း အဆင်သင့်ရှိပြီးဖြစ်၏။ ယင်းမှာ (ရှေးယခင်က မြန်မာ့နိုင်ငံရေးမှ အလံဖြူကွန်မြူနစ်ပါတီက ထိန်းချုပ်သော တပ်ဦးကျောင်းသား၊ အလံနီကွန်မြူနစ်က ထိန်းချုပ်ထားသော တပ်ဦးသစ်ကျောင်းသားအုပ်စုများကဲ့သို့) အတိုက်အခံနိုင်ငံရေးပါတီများက ထိန်းချုပ်ကြိုးကိုင်ထားသော ကျောင်းသားအဖွဲ့များဖြစ်သည်။

အထူးသဖြင့် ပါကစ္စတန် ကျောထောက်နောက်ခံရှိသည့် ဘာသာရေးအယူစွဲ ပြင်းထန်သောပါတီ၏ ကျောင်းသားအဖွဲ့အစည်းဖြစ်သော (Islamic Chatra Shibir: ICS) အဖွဲ့က လူထုအုံကြွမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး အဓိကရုဏ်းများတွင် ဆန္ဒပြသူများဘက်မှ အင်အားသုံးအကြမ်းဖက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သဖြင့် အစိုးရက ပိတ်ပင်ခံခဲ့ရသောအဖွဲ့အစည်းဖြစ်သည်။ ICS အဖွဲ့အနေဖြင့် အရေးအခင်းမတိုင်မီ နှစ်နှစ်ခန့်ကပင် ဘင်္ဂလားဒေ့ရှ်တစ်ဝန်းရှိ တက္ကသိုလ်များ၏ ကျောင်းသားသမဂ္ဂများတွင် စိမ့်ဝင်လှုပ်ရှားနေခဲ့သည်ဟု အိန္ဒိယထောက်လှမ်းရေး သတင်းရင်းမြစ်များကို ကိုးကား၍ အိန္ဒိယသတင်းစာများက ဖော်ပြခဲ့သည်ကို တွေ့ရသည်။

## အရောင်တော်လှန်ရေး ဖော်မြူလာ

အလုပ်သမားခွဲတမ်းစနစ် ပြန်လည်ကျင့်သုံးခွင့် အမိန့်ကြောင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် တက္ကသိုလ်ကျောင်းသားများက ဦးဆောင်၍ ဒါကာမြို့တော်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများဖြင့် စတင်ခဲ့သည်။ အခြေအနေတည်ငြိမ်လာစေရေးအတွက် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဗဟိုတရားရုံးချုပ်က အလုပ်ခွဲတမ်းစနစ်ကို အနိမ့်ဆုံး ငါးရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့သော်လည်း အရှိန်မြင့်လာသော လူအုပ်စုအုံကြွမှုအဟုန်ကို မထိန်းသိမ်းနိုင်တော့ပေ။ ရက်အလိုက် ဖြစ်ရပ်များကိုကြည့်ပါက လူထုအုံကြွမှု အရောင်တော်လှန်ရေး နည်းစဉ်များအတိုင်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် “ဘင်္ဂလားပိတ်ဆို့မှု” (Balgla Blockade) အမည်ဖြင့် ဘင်္ဂလားဒေ့ရှ်မြို့ကြီးများတွင် ပြည်သူလူထု အပြင်မထွက်ရေး လုပ်ဆောင်ခဲ့သည့်အတွက် ရုံးများ၊ စက်ရုံများ၊ အလုပ်ရုံများ လုပ်ငန်းရပ်ဆိုင်းသွားသည်။ မီးရထားလမ်း၊ ကားလမ်း သယ်ယူပို့ဆောင်ရေးများ ရပ်တန့်ကုန်သည်။

ဇူလိုင်လ ၁၁ ရက်နေ့တွင် ရဲတပ်ဖွဲ့က ဆန္ဒပြသူများကို ဖြိုခွဲရာမှ အဓိကရုဏ်းများ စတင်ဖြစ်ပွားသည်။

> **“နောက်ဆုံးတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ဘင်္ဂလားဒေ့ရှ် တပ်မတော်က စီစဉ်ပေးသည့် ရဟတ်ယာဉ်ဖြင့် ကသုတ်ကရက် “ထွက်တော်မူ နန်းကခွာ” ခဲ့ရတော့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆယ်စုနှစ်နှစ်ခုပင် မပြည့်မီကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ဖွံ့ဖြိုးမှုအမြန်ဆုံး ထွန်းသစ်လာမည့် နိုင်ငံတစ်ခုအဖြစ် ဆွဲတင်ပေးခဲ့သော အမျိုးသမီးကြီးမှာ ရက်သုံးဆယ်ခန့် လူအုပ်စုအုံကြွမှုကြောင့် ရာထူးမှ နုတ်ထွက်၍ မျက်ရည်စက်လက်ဖြင့် နိုင်ငံမှ ထွက်ခွာသွားရသည်မှာ နိုင်ငံရေးသံဝေဂပွားဖွယ်ဖြစ်”**

ဇူလိုင်လ ၁၅ ရက်နေ့တွင် အာဏာရနှင့် အတိုက်အခံ ကျောင်းသားအဖွဲ့များအကြား တိုက်ခိုက်မှုများ စတင်ဖြစ်ပွားသည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် အနောက်နိုင်ငံများမှ ချိတ်ဆက်နီးနွှယ်သည့် ပုဂ္ဂလိကတက္ကသိုလ်ကောလိပ်များမှ ကျောင်းသားများပါ ဆန္ဒပြအုံကြွမှု၌ ပါဝင်လာသည်။ ထူးခြားချက်မှာ နာမည်ကြီး BRAC တက္ကသိုလ်မှ ကျောင်းသားများက ဦးဆောင်၍ လူအသွားအလာများသော စီးပွားရေးရပ်ကွက်လမ်းဆုံကို ပိတ်ဆို့ခြင်း၊ ရဲစခန်းများကို မီးရှို့ခြင်း၊ ဆိုင်ကယ်များကို မီးရှို့ခြင်း စသည့်လုပ်ရပ်များကို လုပ်ဆောင်လာခြင်းဖြစ်သည်။ ယင်း BRAC တက္ကသိုလ်တည်ထောင်သူမှာ နာမည်ကျော် ဂျူးဘီလီယံနာသူဌေးကြီး ဆိုရော့စ်၏ မိတ်ဆွေရင်းဖြစ်ပြီး BRAC တက္ကသိုလ်မှာ ဆိုရော့စ်က ဒေါ်လာ တစ်ဘီလီယံ ထောက်ပံ့ထားသော Open Society University Network တက္ကသိုလ်ကွန်ရက်မှ အဖွဲ့ဝင် တက္ကသိုလ်တစ်ခုဖြစ်သည်။ ယင်းတက္ကသိုလ် ကျောင်းသားများသည် ဒါကာမြို့တွင်းရှိ အရေးပါသောလမ်းများနှင့် ဒါကာမြို့မှထွက်သော မီးရထားလမ်းများကို ပိတ်ဆို့ခဲ့ကြသည်။ ယင်းမှာ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံမှ Milk Tea Alliance ကျောင်းသားလှုပ်ရှားမှုပုံစံများနှင့် ထပ်တူဖြစ်သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ရဲတပ်ဖွဲ့နှင့် BRAC တက္ကသိုလ်ကျောင်းသားအုပ်စုတို့ အဓိကရုဏ်းဖြစ်ပွားသည်။ ဒါကာမြေအောက်ရထားဘူတာရုံ မီးရှို့ခံရသည်။ ဘင်္ဂလားဒေ့ရှ် ရုပ်မြင်သံကြားဌာန မီးရှို့ခံရသည်။ နိုင်ငံပိုင်ဒေတာစင်တာ ဖျက်ဆီးခံရသည်။ ကျောင်းသားအချို့ ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အရေးပါသော အင်တာနက်ဝက်ဘ်ဆိုက်များ တိုက်ခိုက်ခံရသည်။ အစိုးရက အင်တာနက်လိုင်းအားလုံးကိုပိတ်လိုက်သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် အတိုက်အခံဘက်မှ လက်နက်ကိုင်များက နာဆင်ဒီခရိုင်ရှိ အကျဉ်းထောင်ကို ဝင်ရောက်စီးနင်းပြီး ထောင်သားများကို လွှတ်ပေးကာ လက်နက်ခဲယမ်းများကို လုယူသွားသည်။

ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ အစိုးရနှင့် ဆန္ဒပြကျောင်းသားအုပ်စုတို့အကြား စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဆန္ဒပြသူများဘက်မှ တောင်းဆိုချက် (၉)ချက် တင်ပြရာတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဆန္ဒပြသူများကို တောင်းပန်ရေးနှင့် ပြည်ထဲရေးဝန်ကြီးနှင့် လမ်းပန်းသယ်ယူပို့ဆောင်ရေးဝန်ကြီးတို့ ရာထူးမှ နုတ်ထွက်ပေးရေးတို့ပါဝင်ပါသည်။ အစိုးရဘက်မှ အလုပ်ခွဲတမ်းကို စုစုပေါင်း ၅၆ ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်း လျှော့ချပေးခဲ့မှုနောက်ပိုင်းတွင် ဆန္ဒပြမှုများ ခေတ္တရပ်ဆိုင်းသွားခဲ့သော်လည်း ကျောင်းသားခေါင်းဆောင်အချို့ကို လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းခေါ်ဆောင်သွားမှုကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် အင်အားအလုံးအရင်းဖြင့် ဆန္ဒပြမှုများ ပြန်လည်ပေါ်ပေါက်လာပြီး ဆန္ဒပြသူအများအပြားလည်း ဖမ်းဆီးထိန်းသိမ်းခံကြရသည်။

ဇူလိုင်လ ၃၁ ရက်နေ့တွင် “တရားမျှတမှုအတွက် ချီတက်ကြ” (March for Justice) လှုပ်ရှားမှုကို ပြုလုပ်ပြီး ထိန်းသိမ်းခံထားရသူများနှင့် သေဆုံးသူများအတွက် ရည်ညွှန်း၍ ဒါကာတစ်မြို့လုံး ချီတက်ဆန္ဒပြမှုပြုလုပ်သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ထိန်းသိမ်းခံကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ခဲ့သော်လည်း ဆန္ဒပြပွဲမှာ မရပ်တန့်သွားဘဲ ပို၍ကျယ်ပြန့်လာသည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှိတ်ဟာဆီနာက စေ့စပ်ညှိနှိုင်းရန် ဖိတ်ခေါ်ခဲ့သော်လည်း ဆန္ဒပြသူများဘက်မှ ပယ်ချကာ တစ်ခုတည်းသော တောင်းဆိုချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမှာ ဝန်ကြီးချုပ်နှင့် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်ပေးရေးဖြစ်သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ရေး (Non-cooperation Movement) ကို စတင်ခဲ့သည်။ ယင်းမှာ ဂျင်းရှပ်၏ နိုင်ငံရေးအန်တုမှုနည်းလမ်းဖြစ်ပြီး အစိုးရကို အခွန်အခမပေးရေးနှင့် ထိတွေ့ဆက်သွယ်မှုမပြုရေးဖြစ်သည်။ စစ်တကောင်းဒေသတွင် အစိုးရဆန့်ကျင်ရေး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာသည်။

အစိုးရက ဩဂုတ်လ ၄ ရက်နေ့တွင် အပြင်မထွက်ရ အမိန့်ထုတ်ပြန်ကာ ဘင်္ဂလားဒေ့ရှ်တပ်မတော်လုံခြုံရေးတပ်ဖွဲ့များ မြို့တွင်းသို့ စေလွှတ်ချထားခဲ့သော်လည်း လူအုပ်ကြီးက မပြိုကွဲသွားဘဲ မင်းမဲ့စရိုက်ဆန်ဆန် ထိန်းမနိုင် သိမ်းမရဖြစ်လာသည်။ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်က ဆန္ဒပြလူအုပ်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင် အင်အားသုံးစွဲခြင်းမပြုရန် ညွှန်ကြားခဲ့သည့်အတွက် ဒါကာမြို့တော်တွင် တရားဥပဒေစိုးမိုးမှု လုံးဝပျက်ပြားသွားသည့်သဘောရှိခဲ့သည်။ ဘာသာရေးအယူအစွဲပြင်းထန်သူများက လူနည်းစု ဟိန္ဒူလူမျိုးများ၏ နေအိမ်နှင့် ပိုင်ဆိုင်မှုများကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ ရဲစခန်းအများစုမှာလည်း ဖျက်ဆီးခံခဲ့ရပြီး လက်နက်ခဲယမ်းများလည်း လုယူခံရကာ ရဲတပ်ဖွဲ့ဝင်များလည်း လူအုပ်ကြီး၏ တိုက်ခိုက်မှုမှ လွတ်ကင်းရန် ထွက်ပြေးရှောင်ပုန်းနေခဲ့ကြရသည်။

ဩဂုတ်လ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင်မူ လူအုပ်ကြီးက ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အိမ်တော်ဘက်သို့ ဦးတည်လာခဲ့သည်။ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝါကာဥဇမန်က ဝန်ကြီးချုပ်ကိုရာထူးမှ နုတ်ထွက်၍ နိုင်ငံမှထွက်ခွာသွားရန် တောင်းဆိုခဲ့ပြီး ထိုသို့ထွက်ခွာရန်အတွက် ပြင်ဆင်ချိန် ၄၅ မိနစ်သာပေးခဲ့သည်ဟု ဆိုသည်။

နောက်ဆုံးတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ဘင်္ဂလားဒေ့ရှ်တပ်မတော်က စီစဉ်ပေးသည့် ရဟတ်ယာဉ်ဖြင့် ကသုတ်ကရက် **“ထွက်တော်မူ နန်းကခွာ”** ခဲ့ရတော့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆယ်စုနှစ်နှစ်ခုပင် မပြည့်မီကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ဖွံ့ဖြိုးမှုအမြန်ဆုံး ထွန်းသစ်လာမည့် နိုင်ငံတစ်ခုအဖြစ် ဆွဲတင်ပေးခဲ့သော အမျိုးသမီးကြီးမှာ ရက်သုံးဆယ်ခန့် လူအုပ်စုအုံကြွမှုကြောင့် ရာထူးမှ နုတ်ထွက်၍ မျက်ရည်စက်လက်ဖြင့် နိုင်ငံမှ ထွက်ခွာသွားရသည်မှာ နိုင်ငံရေး သံဝေဂပွားဖွယ် ဖြစ်တော့သည်။

## ရှေ့အလားအလာ

လက်ရှိအခြေအနေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၅ နှစ်ကျော် အုပ်ချုပ်ခဲ့သည့် အဝါမီလိဂ်ပါတီမှာ ရုတ်ခြည်းဆိုသလိုပင် တောပုန်းပါတီ ဖြစ်သွားရလေပြီ။ ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာမှာ နိုင်ငံရေးခိုလှုံရန် မူလရည်မှန်းထားသည့် ဗြိတိန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအားလုံးလိုလိုက လက်မခံသဖြင့် အိန္ဒိယနိုင်ငံတွင် သောင်တင်လျက်ရှိနေဆဲဖြစ်သည်။

အဝါမီလိဂ်ပါတီမှ ခေါင်းဆောင်များကိုလည်း စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်။ ရှိတ်ဟာဆီနာနှင့်နီးစပ်သည်ဟု ယူဆရသော ဘင်္ဂလားဒေ့ရှ်တပ်မတော်အရာရှိကြီးများမှာလည်း ရာထူးမှ ဖယ်ရှားခံကြရသည်။

အလားတူပင် ရှေ့နေချုပ်၊ တရားသူကြီးချုပ်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ စသော ထိပ်တန်းပုဂ္ဂိုလ်များမှာလည်း လူအုပ်စုဖြင့် ခြိမ်းခြောက်ဖိအားပေးမှုကြောင့် နုတ်ထွက်သွားခဲ့ကြရသည်။ အစိုးရဌာနအသီးသီးတွင်လည်း မိမိဆန္ဒအလျောက် နုတ်ထွက်သွားသူ၊ ထုတ်ပယ်ခံရသူ၊ ဖိအားပေး၍ နုတ်ထွက်ခိုင်းခံရသူ စသည်တို့ကြောင့် အုပ်ချုပ်မှုယန္တရားတစ်ခုလုံး ပရမ်းပတာဖြစ်နေသည်ဟု ဆိုသည်။

**စာမျက်နှာ ၁၁ သို့** ☆

✰ စာမျက်နှာ ၁၀ မှ

ရှေးယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေအနေကို ထိန်းသိမ်းပေးနိုင်သည့် ဩဇာကြီးမားသော တပ်မတော်မှာလည်း ယခုအရေးအခင်းတွင် ကျောင်းသားခေါင်းဆောင်များအား မလွန်ဆန်နိုင်တော့သည်ကို တွေ့ရသည်။

ရှိတ်ဟာဆီနာ ထွက်ခွာသွားပြီးနောက် ကျောင်းသားခေါင်းဆောင်များက ရှိတ်ဟာဆီနာနှင့် လုံးဝအဆင်မပြေခဲ့သည့် စီးပွားရေးပညာရှင်နှင့် ဂရာမင်းဘဏ်လုပ်ငန်းရှင် နိုဘယ်ငြိမ်းချမ်းရေးဆုရ ဒေါက်တာမိုဟာမက်ယူနွတ်စ်ကို ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် အကြံပေးအရာရှိချုပ် ခန့်အပ်ပေးရန် တောင်းဆိုခဲ့ရာ တောင်းဆိုသည့်အတိုင်း ခန့်အပ်ပေးခဲ့ရသည်။ ကျောင်းသားခေါင်းဆောင်များက တပ်မတော်မှ တင်မြှောက်သည့် အစိုးရကို လုံးဝလက်ခံမည်မဟုတ်ဟု ရာဇသံပေးခဲ့သည့်အတိုင်း လိုက်နာခဲ့ရပြီး ကာကွယ်ရေးဝန်ကြီးအပါအဝင် ဝန်ကြီးအဖွဲ့ဝင်အားလုံးကို ကျောင်းသားများ၏ အတည်ပြုချက်ဖြင့်သာ ခန့်အပ်ခဲ့ရသည်။ ကျောင်းသားခေါင်းဆောင်နှစ်ဦးကိုလည်း အစိုးရအဖွဲ့တွင် ထည့်သွင်းခဲ့ရကာ တစ်ဦးလျှင် ဝန်ကြီးဌာနနှစ်ခုစီ ကိုင်တွယ်တာဝန်ယူထားသည်ကို တွေ့ရသည်။

လက်ရှိအနေအထားအရ အနောက်အုပ်စုနှင့် အထူးနီးစပ်သည့် အသက် (၈၄) နှစ်အရွယ် မိုဟာမက်ယူနွတ်စ် ဦးဆောင်ပြီး ဆန္ဒပြကျောင်းသားများ ကြိုးကိုင်ထားသော ကြားဖြတ်အစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အချိန်ကာလအတိုင်းအတာတစ်ရပ်အထိ အုပ်ချုပ်နေဦးမည့်သဘောရှိနေသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူများကို ဩဂုတ်လ ၁၈ ရက်နေ့က ရုပ်သံလွှင့်ပြောကြားခဲ့သည့် ယူနွတ်စ်၏ မိန့်ခွန်းတွင် ရွေးကောက်ပွဲကျင်းပမည့်ကာလကို နိုင်ငံရေးအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အောက်ခြေသိမ်းပြုပြင်ပြောင်းလဲမှု (ခေတ်ပြောင်းတော်လှန်ရေး) ပြုလုပ်ပြီးစီးကာ သတင်းအချက်အလက် စီးဆင်းမှုမှာလည်း အဖြတ်အတောက် အဆီးအတားမရှိ ချောမွေ့လာသည့်အခါမှသာ ရွေးကောက်ပွဲကျင်းပနိုင်မည်ဟု ပြောကြားသွားခဲ့သည်။ ယူနွတ်စ်သည် အမေရိကန် သမ္မတဟောင်းကလင်တန်နှင့် ဇနီး နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၊ သမ္မတဟောင်း အိုဘားမားတို့နှင့် အထူးရင်းနှီးပြီး ဂျော့ဆိုရော့စ်၏ လူရင်းလည်းဖြစ်ရာ ဘင်္ဂလားဒေ့ရှ်ကို အနောက်လစ်ဘရယ်အုပ်စုများအကြိုက် ပြုပြင်ပြောင်းလဲသွားရန်ကြိုးပမ်းလိမ့်မည်ဟု ယူဆရသည်။ နိုင်ငံရေးအပိုင်းတွင် ထိုင်းနိုင်ငံမှ လူငယ်မျိုးဆက်သစ်တို့၏ Future Forward ပါတီကဲ့သို့ လူငယ်ပါတီသစ် ထူထောင်ရန်လည်း ကျောင်းသားခေါင်းဆောင်များက ပြောကြားလာခဲ့ကြခြင်းကြောင့် ယင်းသို့ပေါ်ပေါက်လာမည့် လူငယ်ပါတီသစ် အင်အားခိုင်မာသည်အထိ ရွေးကောက်ပွဲမကျင်းပသေးဘဲ စောင့်ဆိုင်းနေဖွယ်ရှိကြောင်း မှန်းဆရပါသည်။

သို့ရာတွင် ထိုသို့ ရွေးကောက်ပွဲကာလမသေချာမှုအပေါ် အာဏာလိုချင်လှပြီဖြစ်သော BNP ပါတီက စိတ်မရှည်နိုင်ဖြစ်သကဲ့သို့ အဝါမီလိဂ်ပါတီ ထောက်ခံသူများကလည်း အဝါမီလိဂ်ကို နိုင်ငံရေးပါတီအဖြစ်မှ ပိတ်ပင်တားမြစ်ခြင်းမရှိသေးသဖြင့် ပါတီကိုပြန်လည်ထူထောင်ရန် ရွေးကောက်ပွဲဝင်ခွင့်ရရန် လိုလားလျက်ရှိကြသည်။ သို့ဖြစ်ရာ အနာဂတ်တွင် အနောက်လိုလားသော လစ်ဘရယ်လူငယ်အုပ်စု၊ ပါကစ္စတန်လိုလားသော ဘာသာရေးအခြေခံဝါဒီ BNP နှင့် ဂျမ္မတ်အုပ်စု၊ အိမ်နီးမှီခိုအဝါမီလိဂ်အုပ်စုဟူ၍ အုပ်စုကြီးသုံးခု၏ သုံးပွင့်ဆိုင်နိုင်ငံရေးကျားကစားကွက်များကို တွေ့မြင်ရဖွယ်ရှိသည်။

နိုင်ငံတကာဆက်ဆံရေးတွင်မူ အမေရိကန်နှင့် အနောက်အုပ်စု၏ ထောက်ခံအားပေးမှု ရရှိထားသော ကျောင်းသားအုပ်စုသာ အာဏာရလာပါက အနောက်လိုလားသည့် နိုင်ငံခြားဆက်ဆံရေးပေါ်ထွက်လာပြီး တရုတ်နှင့်ဆက်ဆံရေး ယိုယွင်းကျဆင်းသွားနိုင်ဖွယ်ရှိသည်။

ပါကစ္စတန်လိုလားသော BNP နှင့် ဂျမ္မတ်အုပ်စုတက်လာပါက အိန္ဒိယနှင့် ဆက်ဆံရေးတင်းမာလာမည်မှာ သေချာသလောက်ရှိသည်။

အဝါမီလိဂ်ပါတီအနေဖြင့်မူ လတ်တလောကာလတွင် လူထုသဘောထား ပြောင်းပြန်ပြောင်းလဲသွားကာ ပြည်သူ့ချဉ်ဖတ်သဖွယ် ဖြစ်သွားခဲ့သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ နိုင်ငံရေးဆောင်းခိုကာလ (Political Hibernation) ကို ဖြတ်သန်းရဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။

အဝါမီလိဂ်အစိုးရနှင့် နှစ်ရှည်လများ မဟာမိတ်ဖြစ်ခဲ့သော တရုတ်နိုင်ငံအနေဖြင့် မိမိ၏အကျိုးစီးပွားအရ မူဝါဒပြန်လည်ထိန်းညှိမှု ပြုလုပ်ရဖွယ်ရှိပြီး မည်သူပင်အနိုင်ရစေကာမူ အလုပ်ဖြစ်နိုင်သည့် လုပ်ငန်းသဘောဆက်ဆံရေးကို ထူထောင်ရဖွယ်ရှိပါသည်။

သို့ရာတွင် ကျွဲလေးကောင်ခတ်သည့်အကြားမှ မြေစာပင်ဖြစ်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပေါ်ယံမြင်တွေ့ရန်ခက်ခဲသော ကန့်လန့်ကာနောက်ကွယ်တွင်မူ ဇာတ်ရှုပ်များ ပေါ်ပေါက်နိုင်ဖွယ်ရှိသည်။ ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ် ကုန်းမြေနယ်နိမိတ်၏အများစုကို ဝိုင်းရံထားသော အိန္ဒိယနိုင်ငံကို ကလန်ကဆန်ပြုမိသည်နှင့် အိန္ဒိယနိုင်ငံမှ စီးဆင်းလာသောမြစ်ရေကို မှီခိုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကြောင်းဆိုးသွားနိုင်သည်များလည်းရှိသည်။

အလားတူပင် ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်ကို မဖြစ်မနေလိုအပ်နေသည့် တရုတ်နိုင်ငံအား နတ်မြစ်ဝထိပ်မှ အနောက်အုပ်စုက ထိန်းချုပ်ရန် အခွင့်ပေးလိုက်ပါက နိုင်ငံကာကွယ်ရေးတွင် တရုတ်စစ်လက်နက်ပစ္စည်းများကို အားပြုနေရပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တရုတ်ရင်းနှီးမြှုပ်နှံမှု၊ တရုတ်နည်းပညာနှင့် တရုတ်ချေးငွေကို လိုအပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အိပ်မက်ဆိုးများ ရောက်ရှိလာနိုင်သည်။

လက်ရှိအခြေအနေမှာ အရေးအခင်းကာလတွင် မင်းမဲ့စရိုက်များကြောင့် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးခန့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး အရေးအခင်းအလွန်ကာလတွင် အိန္ဒိယဘက်မှ မြစ်ရေလျှံကျစီးဆင်းလာမှုကြောင့် လူပေါင်း ငါးသန်းကျော် ရေဘေးကြုံတွေ့နေရကာ အစားအစာ၊ ဆေးဝါးနှင့် အဝတ်အထည် စသည့် အထောက်အပံ့များ အရေးပေါ်လိုအပ်နေသည်ဟု ဆိုသည်။ စီးပွားရေးဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိက ဝင်ငွေရလမ်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းမှာ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အထိနာခဲ့ပြီး အော်ဒါမှာယူမှုများလည်း ကျဆင်းနေသည်ဟု ဆိုသည်။

ဘဏ္ဍာရေးဘက်၌ နိုင်ငံခြားကြွေးမြီ ဒေါ်လာဘီလီယံ ၁၀၀ ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြွေးမြီနှင့် ပို့ကုန်အချိုးမှာ ၁၁၆ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိနေသည်။ နိုင်ငံခြားသုံးငွေ အရန်ပမာဏမှာလည်း များစွာကျဆင်းနေပြီး ဒေါ်လာ ၁၈ ဘီလီယံခန့်သာရှိရာ သွင်းကုန်သုံးလစာခန့်အတွက်သာ လုံလောက်ရုံရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ရှိတ်ဟာဆီနာ မနုတ်ထွက်ရမီကာလက တရုတ်နိုင်ငံမှ ဒေါ်လာ ဘီလီယံ ၂၀ ချေးယူရန် စီစဉ်ခဲ့သည်ဟုဆို၏။

အချုပ်အားဖြင့် သုံးသပ်ရပါမူ နှစ်ရှည်လများ အထိုင်ကျနေသည့် တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ရုတ်ခြည်းပြောင်းပြန်လှန်ကာ အရာခပ်သိမ်းဖျက်သိမ်းမြေလှန်၍ အသစ်ပြန်လည်တည်ဆောက်မည်ဟု ကြုံးဝါးနေချိန်တွင် နိုင်ငံအခြေအနေမှာ "သည်မိုး၊ သည်လေ၊ သည်လူတွေ" နှင့် ရေရှည်မည်သို့ ကူးခတ်ကြမည်ကို စောင့်ကြည့်ရန်သာ ရှိပါတော့သတည်း။ ။



ဩဂုတ်လ ၄ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွင် BRAC တက္ကသိုလ်မှ ကျောင်းသားများဦးဆောင်သည့် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

- ❖ **ကျွဲလေးကောင်ခတ်သည့်အကြားမှ မြေစာပင်ဖြစ်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပေါ်ယံမြင်တွေ့ရန်ခက်ခဲသော ကန့်လန့်ကာနောက်ကွယ်တွင်မူ ဇာတ်ရှုပ်များ ပေါ်ပေါက်နိုင်ဖွယ်ရှိသည်။ ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ် ကုန်းမြေနယ်နိမိတ်၏အများစုကို ဝိုင်းရံထားသော အိန္ဒိယနိုင်ငံကို ကလန်ကဆန်ပြုမိသည်နှင့် အိန္ဒိယနိုင်ငံမှ စီးဆင်းလာသောမြစ်ရေကို မှီခိုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကြောင်းဆိုးသွားနိုင်သည်များလည်းရှိ**
- ❖ **အလားတူပင် ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်ကို မဖြစ်မနေလိုအပ်နေသည့် တရုတ်နိုင်ငံအား နတ်မြစ်ဝထိပ်မှ အနောက်အုပ်စုက ထိန်းချုပ်ရန် အခွင့်ပေးလိုက်ပါက နိုင်ငံကာကွယ်ရေးတွင် တရုတ်စစ်လက်နက်ပစ္စည်းများကို အားပြုနေရပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တရုတ်ရင်းနှီးမြှုပ်နှံမှု၊ တရုတ်နည်းပညာနှင့် တရုတ်ချေးငွေကို လိုအပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အိပ်မက်ဆိုးများ ရောက်ရှိလာနိုင်**

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

မန္တလေး ဩဂုတ် ၂၀

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးတိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းမှ သင်တန်းသားများ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက် (၅၂) ၁၀လမ်း နှင့် ၁၁လမ်းကြား ၇၄လမ်းနှင့် ၇၅ လမ်းကြားအတွင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဦးခိုင်နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒေါ်ယုမွန်ကျော်တို့က ဦးဆောင်၍ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းမှ သင်တန်းသား ၃၀ တို့နှင့်အတူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းကောက်ယူရာသို့ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် သြဂုတ် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ(18th ASEAN Ministerial Meeting on Transnational Crime and its Related Meetings – 18th AMMTC)သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




**တက်ရောက်**

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista ဟိုတယ်၌ သြဂုတ် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့အား ဖွင့်လှစ်ခြင်းနှင့် အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သူများအတွက် တစ်မိနစ်ခန့်ငြိမ်သက်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တစ်ဦးချင်းမိတ်ဆက်ခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အမှာစကားပြောကြားခြင်း၊ အိမ်ရှင်လာအိုနိုင်ငံ၏ AMMTC ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay Lakhamphong က အဖွင့်အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

(၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးကို သြဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် Latsavong Wanda Vista ဟိုတယ် State Hall ၌ စတင်ကျင်းပရာ အိမ်ရှင်လာအိုနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာအကြီးအကဲများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးရလဒ်များကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာ၏ ဘဝများကို ဆိုးရွားစွာ ထိခိုက်စေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် တစ်နည်းတစ်ဖုံဆက်စပ်နေပါကြောင်း။

မြန်မာနိုင်ငံသည် Precursor chemical များကို မထုတ်လုပ်နိုင်သော်လည်း အဆိုပါဓာတုပစ္စည်းများသည် နယ်စပ်တစ်လျှောက်ရှိ မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများသို့ လမ်းကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ဝင်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းအချို့က မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသော်လည်း လက်တွေ့တွင်မူ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင် တင်သွင်းနေပြီး ပြည်ပဓာတုပညာရှင်များ၏ အကူအညီဖြင့် မူးယစ်ဆေးဝါးများ ချက်လုပ်နေကြပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အထူးစစ်ဆင်ရေးများကို အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Operation 39 ကို ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် မူးယစ်ဆေးဝါး အမြောက်အမြားကို အောင်မြင်စွာဖမ်းဆီးရမိခဲ့ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လုပ်ကိုင်စေရေးအတွက် အတင်းအဓမ္မ တွန်းအားပေး လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုကျူးလွန်ခြင်းသည် လမ်းကြောင်းသစ်တစ်ရပ်အဖြစ် ပေါ်ထွက်လာနေပါကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကူညီရှာဖွေကယ်တင်ပေးနိုင်ရန် ပြည်ပနိုင်ငံများမှ အကူအညီတောင်းခံထားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များအကြား ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ ရလဒ်များအနေဖြင့် ၂၀၂၄ ခုနှစ် သြဂုတ် ၂၀ ရက်အထိ ၅၄၃၇၃ ဦး ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၅၂၁၆၄ ဦးကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ ၁၉၈၂ ဦးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လည်းကောင်း ပြန်လည်လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုမရှိဘဲ အဖွဲ့အစည်းတစ်ခုတည်းက ဖြေရှင်းဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများသည် နယ်စပ်ဖြတ်ကျော်သည့် သဘောသဘာဝရှိသောကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် (၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတရားစာတမ်း နှစ်ခု၊ လမ်းညွှန်ချက် နှစ်ခု၊ လုပ်ငန်းလမ်းညွှန် တစ်ခု၊ ကြေညာချက် နှစ်ခုနှင့် ပူးတွဲကြေညာချက် ငါးခုတို့ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

**တုံ့ပြန်ပြောကြား**

အစည်းအဝေးဒုတိယနေ့ သြဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားတို့နှင့် (၁၄)ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ (၁၁)ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးနှင့် (၄)ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကို အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားမှုအပေါ် မြန်မာကိုယ်စားလှယ်က တုံ့ပြန်ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေး၏ ရည်ရွယ်ချက်သည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည်ကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခုပြောကြားချက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြောဆိုခြင်းဖြစ်၍ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေမရှိပါကြောင်း၊ အဆွေတော်တို့ ဂျပန်နိုင်ငံသည် အာဆီယံ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာမှ ဆွေးနွေးဖက်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာပါကြောင်း၊ သို့ပါ၍ အဆွေတော်တို့အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းအသေးစိတ်စီမံချက်(၂၀၂၅) တို့၌ ပြဋ္ဌာန်းဖော်ပြထားသော အခြေခံစည်းမျဉ်းများ၊ မူဝါဒများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် "အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ"ဟူသော အချက်ပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆွေတော်အနေဖြင့် ယခုအစည်းအဝေး၏ အဓိကရည်ရွယ်ချက်များအပေါ်၌သာ အာရုံပြုပြောကြားပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားခဲ့သည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် အတည်ပြုမည့် သဘောတရားစာတမ်းများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ကြေညာချက်များအား ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများဖြစ်သော နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(SOMTC)၊ SOMTC + 3၊ SOMTC + China၊ SOMTC + Japan နှင့် SOMTC + ROK တို့ကို သြဂုတ် ၂၇ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ SOMTC ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ်၌ ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

ကလော သြဂုတ် ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိုင်းနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသ အခြေခံ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ နန်းတိုင်းကျေးရွာအုပ်စု ဟင်းခါးကုန်းကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိုညိုဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဇော်ဟိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး မိတ်ဆက်ရှင်းလင်းကာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာရှိ အခြေခံအိမ်ထောင်စုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း၊ သွင်းအားစုများထောက်ပံ့ခြင်း၊ နည်းပညာအကူအညီများပံ့ပိုးပေးခြင်း၊ စွမ်းဆောင်ရည်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျေးရွာရှိ အခြေခံအိမ်ထောင်စု ၃၀ ၏ မိသားစုဝင်များထံသို့ အိမ်တိုင်ရာရောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ၂၂၂

# ဂါဇာဒေသ၌ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည့်အစီအစဉ်ကို အစ္စရေးနှင့် ဟားမတ်စ်တို့ သဘောတူ

**ဂျေရုဆလင် ဩဂုတ် ၃၀**

အစ္စရေးနှင့် ဟားမတ်စ်တို့သည် ဂါဇာဒေသ၌ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည့် အစီအစဉ်ကို သဘောတူညီခဲ့ကြောင်း သိရသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံး ပိုလီယိုရောဂါဖြစ်ပွားမှုကို စစ်ဆေးတွေ့ရှိခဲ့သည်။

ဂါဇာဒေသ၌ စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် ဒေသစံတော်ချိန် နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိ သုံးရက်ကြာ တိုက်ပွဲများ ရပ်တန့်သွားမည်ဖြစ်ကြောင်းအဆိုပါသဘောတူညီချက်တွင် ပါရှိသည်။

ကလေးပေါင်း ၆၄၀၀၀၀ ကို ကာကွယ်ဆေးထိုးရန် ရည်မှန်းထားသော်လည်း အချိန်လုံလောက်မှုမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ပိုလီယိုရောဂါသည် အသက်ငါးနှစ်အောက်ကလေးများကို အဓိကအားဖြင့် ကူးစက်တတ်သော ရောဂါဖြစ်သည်။ ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် ခြေလက်များ နာကျင်ခြင်းတို့ ပါဝင်သည်။

ရောဂါပိုးကြောင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်ပြီး အချို့အခြေအနေများတွင် သေဆုံးနိုင်သည်။

၎င်း၏ ၁၁ လအရွယ် ကလေးငယ်သည် ပိုလီယိုရောဂါရှိကြောင်း သိရှိရပြီး ဆေးရုံတွင် ကုသမှုခံယူခဲ့သော်လည်း ခါးအောက်ပိုင်း သေသွားကြောင်း မြို့ခံတစ်ဦးက ပြောကြားသည်။

ပထမအကြိမ် ကာကွယ်ဆေး တိုက်ကျွေးပြီးနောက်လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးမှုအတွက် အပစ်အခတ်ရပ်စဲမှုများကို လုပ်ဆောင်ပေးရမည်ဆိုသည့် သဘောတူညီချက်ကို အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ လိုက်နာကြရမည်ဖြစ်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါထိန်းချုပ်ရေးဆောင်ရွက်

**ဗန်ကောက် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်းမျောက်ကျောက်ရောဂါထိန်းချုပ်ရေးဆောင်ရွက်သည့်အနေဖြင့် နိုင်ငံအတွင်းရှိ မျောက်ကျောက်ရောဂါကူးစက်ခံရသူများနှင့် ၎င်းတို့နှင့် အနီးကပ်နေထိုင်ခဲ့သူများအား သတိပြုစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင်ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ထိုင်းနိုင်ငံတွင် မျောက်ကျောက်ရောဂါမျိုးစိတ်သစ် Clade 1b ကူးစက်ခံရသူအား တွေ့ရှိခဲ့ပြီးနောက် ယခုကဲ့သို့ ကြပ်မတ်ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါကူးစက်ရန် အခွင့်အလမ်း များပြားသူများကို သတိထားစောင့်ကြည့်နေကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးဌာနညွှန်ကြားရေးမှူးချုပ် သွန်ချိုင်း ကီရာတီဟာတာယာကွန်းက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မျောက်ကျောက်ရောဂါကူးစက်ခံရသူအား သီးခြားခွဲခြား၍ ကုသပေးနေကြောင်း၎င်းက ထပ်လောင်းပြောကြားသည်။

မျောက် ကျောက်ရောဂါသည်လက်ရှိအချိန်တွင် ကူးစက်တတ်သည့် သတိထားစောင့်ကြည့်ရမည့်ရောဂါအမျိုးအစားဖြစ်သဖြင့် ရောဂါပိုးကူးစက်ခံရသူများနှင့်အနီးကပ်နေထိုင်ခဲ့သူများနှင့် ကျန်းမာရေးဝန်ထမ်းများအား ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာရန် ၎င်းက ညွှန်ကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ခေတ်ခွဲခန်းများဖြင့် ရောဂါစောင့်ကြည့် စစ်ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး အာဖရိကဒေသမှ လာရောက်သည့်ခရီးသည်များ၏ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားသည်။ အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါမျိုးစိတ်သစ်ပြန့်ပွားခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ



ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးစိုးရိမ်ဖွယ်ရာ အခြေအနေအဖြစ် ယခုနှစ် ဩဂုတ် ၁၄ရက်တွင် ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ စက်ဘီးစီးနင်းနေစဉ် စမတ်ဖုန်းအသုံးပြုသူများကို အရေးယူမည်

**တိုကျို ဩဂုတ် ၃၀**

ဂျပန်နိုင်ငံ၌ စက်ဘီးနင်းနေစဉ်တွင် စမတ်ဖုန်းအသုံးပြုသူများအား နိုဝင်ဘာလမှ စတင်၍ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ရခြင်းသည် စက်ဘီးစီးနင်းသူများအား မတော်တဆမှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ဖြစ်သည်ဟု တာဝန်ရှိသူများက မှတ်ချက်ပြု ပြောကြားသည်။ ဂျပန်နိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များသည် မေလအတွင်းက အဝေးပြေးလမ်းမဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ရာတွင် ၎င်းကဲ့သို့သော သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

၎င်းဥပဒေကို နိုဝင်ဘာ ၁ ရက်မှ စတင်၍ အတည်ပြုပြဋ္ဌာန်းရန် အစိုးရအဖွဲ့က ယနေ့တွင် ဆုံးဖြတ်ခဲ့သည်။ ၎င်းဥပဒေအရ စက်ဘီးစီးနင်းနေစဉ် စမတ်ဖုန်းအသုံးပြုရာမှ မတော်တစ်ဆမှုဖြစ်ပွားပါက ကျူးလွန်သူအား ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ခြင်းနှင့် ဒဏ်ငွေယန်း သုံးသိန်းအထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် စက်ဘီးစတင်စီးနင်းသည့်အချိန်တွင် စမတ်ဖုန်းစတင်ဖွင့်လှစ်အသုံးပြုပါကလည်း ထောင်ဒဏ် ခြောက်လနှင့် ဒဏ်ငွေယန်း တစ်သိန်းအထိချမှတ်နိုင်ကြောင်း ၎င်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ယခုကဲ့သို့ဖုန်းသုံးစွဲ၍ စက်ဘီးကို မဆင်မခြင်စီးနင်းခြင်းဖြင့် နိုင်ငံအတွင်း ယခုနှစ်ပထမခြောက်လတွင် ထိခိုက်ဒဏ်ရာရရှိမှု ၁၈မှု ဖြစ်ပွားခဲ့ပြီး ထပ်မံ၍လည်း ထိခိုက်မှုများမြင့်တက်လာနိုင်ကြောင်း တိုကျိုမြို့ပြရဲတပ်ဖွဲ့က သတိပေးပြောကြားသည်။ စက်ဘီးစီးနင်းစဉ် စမတ်ဖုန်းအသုံးပြုခြင်းသည် အန္တရာယ်ရှိကြောင်း အသိပညာပေးမှုများကို နိုင်ငံသားများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း အနည်းဆုံး ၃၁ ဦး သေဆုံး

**ဂျေရုဆလင် ဩဂုတ် ၃၀**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း အနည်းဆုံး ၃၁ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း သတင်းအရင်းအမြစ်များက သတင်းဖော်ပြသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့အရှေ့ဘက်ရှိ ပါလက်စတိုင်းတို့စုဝေးရာ နေရာကို အစ္စရေးဒရုန်းတစ်စင်းက အနည်းဆုံး ဒုံးကျည်တစ်စင်းဖြင့် ဩဂုတ် ၂၉ ရက်က ပစ်ခတ်ခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးသတင်းအရင်းအမြစ်များက ပြောကြားသည်။

အဆိုပါ စီးနင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ခုနစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ဆိုသည်။

ထို့ပြင် ရာဖာမြို့မြောက်ဘက် စက်မှုဇုန်တစ်ခု၌ မော်တော်ဆိုင်ကယ်တစ်စီးကို အစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် လူငယ်သုံးဦး သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များအရ သိရသည်။

ဂါဇာမြို့တော် အနောက်ဘက်ရှိ အယ်အာမယ်လ်ဟိုတယ်အနီးရှိ အိမ်တစ်လုံးအား အစ္စရေးက ဝင်ရောက်စီးနင်းခဲ့ရာ ပါလက်စတိုင်း ရှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဂါဇာကမ်းမြောင်တောင်ဘက်ရှိ ခန်းယူနစ်မြို့ရှိ ဆေးရုံတစ်ခုသို့ အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ ၁၃ ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ဆင်ဟွာသို့ ပြောကြားသည်။

ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေး အာဏာပိုင်များက ၎င်း၏ တပ်ဖွဲ့ဝင်များသည် သေဆုံးသူများ၏ အလောင်းများနှင့် ဒဏ်ရာရရှိသူ အများအပြားကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗင်နီဇွဲလားနိုင်ငံ၏စီးပွားရေး ဒုတိယသုံးလပတ်တွင် ၈ ဒသမ ၇၈ ရာခိုင်နှုန်းတိုးတက်လာ

**ကာရာကာ့စ် ဩဂုတ် ၃၀**

ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်တွင် ၈ ဒသမ ၇၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လေးလပတ် ၁၃ ကြိမ်ဆက်တိုက် စီးပွားရေးတိုးတက်မှုကို မြင်တွေ့ခဲ့ရသည့်အတွက် အပြုသဘောဆောင်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားဗဟိုဘဏ် BCV က ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) သည်လည်း ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်တွင် ၈ ဒသမ ၇၈ ရာခိုင်နှုန်း တိုးလာပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း BCV က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာမှုသည် ၂၀၂၁ ခုနှစ် ဒုတိယသုံးလပတ်တွင် တိုးတက်မှုနှုန်းများ စတင်ခဲ့ကြောင်း ဗင်နီဇွဲလားဗဟိုဘဏ်မှ သိရသည်။ ထို့ပြင် ဗင်နီဇွဲလားနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံ၏အရေးပါဆုံးကဏ္ဍဖြစ်သည့် ရေနံကဏ္ဍသည် ဒုတိယသုံးလပတ်တွင် ၁၁ ဒသမ ၀၈ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားတွင် ဗင်နီဇွဲလားနိုင်ငံ၌ စီးပွားရေးစွမ်းဆောင်မှုများသည် သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ရည်ညွှန်းလျက် ဗင်နီဇွဲလားဗဟို ဘဏ်က ပြောကြားသည်။

ပြီးခဲ့သည့် သုံးနှစ်အတွင်း ရလဒ်များအရ ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးသည် အမှန်တကယ် ပြန်လည်နာလန်ထူလာရန် အတားအဆီးများကို ကျော်လွှားနိုင်သည်ဆိုသည်ကို ပြသနေကြောင်း ဗင်နီဇွဲလား ဗဟိုဘဏ်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



နေပြည်တော် ဩဂုတ် ၂၀

မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့၌ ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်ရှိကားဂိတ်တွင် ဆိုင်ကယ်ဖြင့် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ စိုးတင့်အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူ စိုင်းခမ်းတီအား အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီး ရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် ကံထူးတင်သိန်းအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၄၉၀၀၊ Happy–5 ဆေးပြား ၃၈၀၊ ကက်တမင်း ဂရမ် ၉၅၀၊ TOYOTA FIELDER ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ ယူဆောင်ခိုင်းသူ အောင်ဘုန်းမြတ်အား တောင်ဥက္ကလာပမြို့နယ် (၁၁) ရပ်ကွက် မေတ္တာလမ်းရှိ ၎င်း၏ နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ဂရမ် ၄၇၀၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် တစ်ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ နှင့်လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် စိတ်ပြောင်း ဆေးဝါးများအား လူမဲ့တန်ဆာဖြင့် ပို့ဆောင်ပေးသူ မဝါဝါလွင်(ခ)စန္ဒာအား ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ရပ်ကွက်(၁)တွင် ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂ ဒသမ ၄၅ ကီလို၊ အက်တက်စီဆေးပြား ၄၉၀၀၊ Happy–5 ဆေးပြား ၃၈၀၊ ကက်တမင်း ၉၅၀ ဂရမ်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် တစ်ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ သယ်ဆောင်၍ KTV၊ CLUB၊ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် ရွာသာကြီး Dry Port၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၂၆၅၈၈၀)ကိုလည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၈၈၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၅၉၅၈၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် ရိုးကြီးချောင်းပတ်လမ်း ဘုရင့်နောင်ဈေး အမှတ် ၈/၀ (၂)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၄၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း ဝေဘူလမှတ်တိုင်အနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၄၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု ထုံးဘိုလမ်းနှင့် ၆၇ လမ်း လမ်းဆုံ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၃၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၃၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၂၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၁၅၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ၌ လိုင်စင်မဲ့ ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၈၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၇၂၃၀၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၂၀၈၄၈၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၀ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ ကစားကွက်'** (အပိုင်း–၆)
- ၁၃:၃၀ MRTV National News
- ၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'ပန်းပွင့်နဲ့မိန်းမပျို'
- ၁၇:၀၅ ရွှေဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၃၅ ပြည်သူအားလုံးပါဝင်လို့သန်းခေါင်စာရင်းကောက်ကြစို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း–၄၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၉)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး)(ပထမပိုင်း)

### mitv

- 07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:09 Weekly Review
- 07:27 Frishery Products: Pickled Prawn Business
- 07:40 Myanmar Family Life: Indispensable Role of Grandparents
- 08:01 News
- 08:26 Beach Food Delivery
- 08:36 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-3)
- 08:53 People's Military Service Law 5
- 09:01 Quiz Time (Ep-72)
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
တားမြစ်ဖွယ်ရာပျိုမေ့လက်ရာ('ဝ'ရိုးရာမုန့်ညှင်းဆန်လှော်ဟင်းရည်နှင့်အမဲသားထောင်း)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဖောင်မြောင်တောင်ပိုးကိုဘယ်လိုကင်းထောက်ရှာဖွေစစ်ဆေးမလဲ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရာဇဝင်ထဲကရွာလေးတစ်ရွာ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကျန်းမာရေးအတွက်အာလူးရဲ့ကောင်းကျိုးများ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အားမနာနဲ့စား ဒါအကုန်ဘဲ(ဇာတ်လမ်းတို)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
အံ့ဖွယ်သစ္စာရှင် အောက်ချင်းမောင်နှံ

**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
ငါးမုန့်ခြောက်နှင့်ခရမ်းချဉ်ဆော့စ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
တောင်တန်းတွေကြားကလဟာယ်မြို့လေး

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း–၆)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှသာ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း–၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၅၀)

### MRTV FARMERS / H TV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ 'စိုက်ပျိုးမွေးမြူသုတဘဏ်' စိုက်ပျိုးစွမ်းအားမြှင့်တင်ဖို့ပူးပေါင်းဆောင်ရွက်စို့
- ၁၈:၀၀ ရင်ထဲကရွှေနန်းကျင် (ဇာတ်လမ်း)
- ၂၂:၀၀ Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / H TV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၄၀ Soccer View
- ၁၁:၀၀ UNI League By MESL Live Event

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ကလေးမြို့မှ ချင်းပြည်နယ်သို့ ဆန်နှင့် လျှပ်စစ်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်ပိတ်ပင်ထားကြောင်း သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသို့ ဆန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာတွင် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒေသခံပြည်သူများအတွက် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်များအား စနစ်တကျစစ်ဆေးကြပ်မတ်၍ သယ်ယူခွင့် ခွင့်ပြုထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## မန္တလေးမြို့ပေါ်တွင် နှစ်ရက်အတွင်း လူငယ် ၂၀ ခန့် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး တံတားဦးနှင့် ပြည်ကြီးတံခွန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်အတွင်း လူငယ် ၂၀ ခန့်ကို စစ်မှုထမ်းရန်အတွက် တပ်မတော်က ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ပေါ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို မန္တလေးမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက မန္တလေးမြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်၌ Mpox(မျောက်ကျောက်)ရောဂါ ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျိုက်ထို ဩဂုတ် ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ်



ပြည်သူ့ဈေးရှေ့၌ ဆောင်ရွက်သည်။

ဦးစွာ ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ဆန်းနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေးနှိုးဆော်ချက် မြေစိုက်ပိုစတာကို စိုက်ထူကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးသွားဈေးလာပြည်သူများနှင့် ခရီးသွားပြည်သူများအားဖြန့်ဝေ၍ ဌာနဆိုင်ရာရုံးများ၌ အသိပညာပေးနှိုးဆော်ချက် ပိုစတာကပ်ထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေး

ချောင်းဆုံ ဩဂုတ် ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေး အသိပညာပေး ဆွေးနွေးတင်ပြခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်းက Mpox (မျောက်ကျောက်)ရောဂါ လက္ခဏာများနှင့် ကူးစက်နိုင်သည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် လက္ခဏာများနှင့် ကာကွယ်နိုင်သည့်နည်းလမ်းများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားပေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "User@563057224444"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်ကုလားကုန်းကျေးရွာနေ လင်းထက်(ခ) သာဂိအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ "Nyan Lin Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြောက်ရွာမ ရပ်ကွက်နေ ညာဏ်လင်းထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Daw Aye Zin Maw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၅)ရပ်ကွက်နေ အေးဇင်မော်အား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❍ MFF မှ**

ဩဂုတ် ၃၀ ရက်အပြီးတွင် အုပ်စုငါးခု ကျင်းပပြီးစီးထားပြီး ရှုံးထွက်အဆင့်တက်ရောက်သည့် ၁၀ သင်းထွက်ပေါ်ထားပြီးဖြစ်သည်။ အုပ်စု(A)တွင် ပြည့်စုံအသင်းက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ Generations အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(B)တွင် TG United အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ Futsal-19 အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(C)တွင် Winner Soccer အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ 7 Brother အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(D)တွင် UPK အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ MIU အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(E)တွင် လက်ရှိချန်ပီယံ VUC အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ Power HBI အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ရှုံးထွက်အဆင့်တက်ရောက်ခဲ့သည်။

အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စုသုံးခု၏ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**■ ကျော့ဖုံးမှ**

စူပါရေချမ်းသည် ONE Championship နှင့် လက်တွဲပြီး ပထမဆုံးပွဲအဖြစ် ထိုင်းဖိုက်တာ ဆူတင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ONE Championship နှင့် ပထမဆုံးပွဲ ထိုးသတ်ရသော်လည်း အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သည်။ ထိုင်းဖိုက်တာ ဆူတင်ကို သူတင်ကိုယ်တင် ထိုးသတ်နိုင်ခဲ့သလို လက်သီးချက်များလည်း ထိရောက်ခဲ့သည်။

သို့သော် သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးသုံးဦးအနက် နှစ်ဦးက ဆူတင်ကိုအနိုင်ပေးပြီး တစ်ဦးကသာ စူပါရေချမ်းကို အနိုင်ပေးသဖြင့် ဆူတင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ONE Championship**

# ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ပန်းချီ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့သည် ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ် များ၊ ပါမောက္ခ/ ဌာနမှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်း များမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အနုပညာအထက် တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ပန်းချီပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ဂျိမ်းဖောပျိုဖြူ၊ လင်းရိပ်သံသာ၊ အမရပူရခေတ် ဖွားတော်မူခန်း၊ လုံမပျိုငယ် ဗိုင်းငင်မယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း၊ ရောင်စုံငှက်ငယ်၊ ခေတ် (၅) ခေတ်မှတူစုံအလှ ပန်းချီကား၊ မဟာဝိဇ္ဇာတန်းမှ ကျောင်းသူများ ရေးဆွဲထားသည့် ချိုချိုချဉ်ချဉ်ရသာစုံလင်၊ သက်ငြိမ်အလှ(၁)၊ သက်ငြိမ်အလှ(၂)၊ ပြေပြစ်လှပခြင်း၊ ပျူရတနာ၊ ရတနာဆင့်ကာ တင့်သည့်ညိုပြာ၊ ကိုးပါးရတနာ စသည့်ပန်းချီ လက်ရာမွန် ၁၄ ကားနှင့် ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသားက ဖိုက်ဘာဖြင့် ပုံဖော်ထုဆစ်ထားသည့် သံစဉ်ပျို၊ မဟာဝိဇ္ဇာတန်းကျောင်းသားက ပလာစတာဖြင့် ပုံဖော်ထုဆစ်ထားသည့် အဲလ်ဘတ်အိုင်းစတိုင်း၊ ပန်းတိုင်...သို့ စုစုပေါင်းပန်းပုလက်ရာမွန် သုံးခုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများဖြစ်သော ပြည်ကန်တော်အလှ နတ်မောင်နှမယိမ်းအက၊ ပဏာမဧည့်ခံဂီတသံ (အမျိုးသား+အမျိုးသမီး မင်္ဂလာဆိုင်း)၊ တေးဂီတအမွေမန္တလာမြေ (လူချွန် လူကောင်း)၊ ပေါင်းစည်းခြင်းရဲ့အလှ၊ လှပစီရီအက ပန်းချီယိမ်းအက၊ ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ (ကျောင်းဆင်းဂုဏ်ပြုတေး-ဂီတ+သဘင်)၊ ကကြိုး စုံလင် မင်းသားအသွင် ယိမ်းအက၊ စည်းလုံးစွမ်းပကား တို့အင်အား (ရုပ်သေး)၊ စုစည်းတီးက သွေးချင်းအလှ (ဂီတ+သဘင်)၊ မင်းကနောင်နှင့်ချစ်ခြင်းမေတ္တာ၊ ဖြစ်ချင်အုံးဟဲ့ . . . မင်းသား (ပြဇာတ်)၊ ဆာယာအန္တိ (ကျောင်းဆင်းလက်ရာမွန်ဇာတ်ကား) တို့ကို ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား တက်ရောက်




ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့ သည် ယနေ့နံနက်ပိုင်းက သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

**တက်ရောက်**

ထို့နောက် သန်လျင်မြို့နယ် အမှတ် (၁) အခြေခံ ပညာအထက်တန်းကျောင်းတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို တိုင်းဒေသကြီးပညာရေး မှူး ဒေါက်တာချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ သန်လျင်ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ သန်လျင်ခရိုင်ပညာရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ် ပညာရေးမှူး (တာဝန်ခံ) ဦးစိုးဝင်းကြည်တို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီး များက အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ပေးကြ သော ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက စာအုပ် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကျောင်းသား ကျောင်းသူများ၏ ဂိမ်းကစားနေမှုများ၊ ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးထားသည့်ပြခန်းများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောနှင့် ကဗျာ ရွတ်ဆိုပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲများအား လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား ကျောင်းသူ များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြ သည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးသယံဇာတရေးရာ ဝန်ကြီးက ကျောင်းစာကြည့်များအတွက် သုတရသ စာအုပ် ၁၀၀ အား ပေးအပ်လှူဒါန်းပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့်ဟောပြောမည့် စာရေး ဆရာ မင်းတခေတ်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့် ပေးအပ်သည်။

ထို့နောက်သယံဇာတရေးရာဝန်ကြီးကအလှူရှင် များ၏ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ကိုယ်စား) လူမှုရေးရာဝန်ကြီးက အလှူရှင်များ၏ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# သထုံမြို့နယ်၌ စာကြည့်တိုက် ရှင်သန်ခိုင်မာဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်



သထုံ ဩဂုတ် ၂၀

မွန်ပြည်နယ်၊ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ “လင်းရောင်နီဦး” စာကြည့်တိုက် ရှင်သန်ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ “လင်းရောင်နီဦး” စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိ ရပ်ဖများက စာကြည့်တိုက်ဖြစ်ပေါ်လာမှုအခြေအနေ၊ ကော်မတီဖွဲ့စည်း ထားရှိမှု၊ စာကြည့်တိုက်၌ ပြည်သူများ အသုံးပြုနေမှုအခြေအနေ စသည့် စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက်ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စာအုပ်စာစောင်များ လှူဒါန်းပေးခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက် လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင် ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# မှော်ဘီ၊ မင်္ဂလာဒုံ၊ လှည်းကူး ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ၊ မင်္ဂလာဒုံနှင့် လှည်းကူးခရိုင်တို့၏ (၂၅)ကြိမ်မြောက်ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေပိုင်းက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက ခရိုင်အဆင့် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ပြိုင်ပွဲတွင်ဆုအများဆုံးရရှိခဲ့သည့် မှော်ဘီမြို့နယ်အား တံခွန်စိုက်ဆုနှင့် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ခရိုင်အဆင့်ပြိုင်ပွဲသို့ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်နှင့်လှည်းကူးခရိုင်တို့မှကိုယ်စားပြုမြို့နယ်များဖြစ်ကြသည့် မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ဘာသာရပ် ၁၇ မျိုးအတွက် အဆိုပြိုင်ပွဲဝင် ၃၀၊ အကပြိုင်ပွဲဝင် လေးဦး၊ အရေးပြိုင်ပွဲဝင် လေးဦးနှင့်အတီးပြိုင်ပွဲဝင် ၅၁ ဦး စုစုပေါင်း ၈၉ ဦးတို့က သက်ဆိုင်ရာဘာသာရပ်ပြိုင်ပွဲ အမျိုးအစားများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




# ယာဉ်စည်းကမ်း အကြိမ်ကြိမ်ချိုးဖောက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ၊ မရှိ စစ်ဆေးမည်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအနက် ယာဉ်စည်းကမ်း အကြိမ်ကြိမ်ချိုးဖောက်သည့် YBS ယာဉ်မောင်းများအား မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက တာမွေမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)ရုံးချုပ်၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ယခင်က ဝိုင်ဘီအက်စ်ခရီးသည်တင် ယာဉ်မောင်းများ မူးယစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ၊ မရှိကို စိတ်ကျန်းမာရေး ဆေးရုံကြီး(ရွာသာကြီး)၌ စစ်ဆေးဆောင်ရွက်ခဲ့သော်လည်း ယင်းဆေးရုံကြီးတွင် ဓာတ်ခွဲခန်းမရှိခြင်းကြောင့် ယခုအခါ ယာဉ်စည်းကမ်း အကြိမ်ကြိမ်ချိုးဖောက်သည့်ဝိုင်ဘီအက်စ် ယာဉ်မောင်းများ မူးယစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ၊ မရှိကိုအမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)၌ စစ်ဆေးခများနှင့် အခြားလိုအပ်သည်များ အကုန်အကျခံကာ YRTC မှဆောင်ရွက်ပေးမည်ဖြစ်သည်။

"ယာဉ်စည်းကမ်း အကြိမ်ကြိမ် ချိုးဖောက်တဲ့ ဝိုင်ဘီအက်စ် ယာဉ်မောင်းတွေ မူးယစ်ဆေးဝါး သုံးစွဲခြင်း ရှိ၊ မရှိကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနဲ့ ညှိနှိုင်းပြီးတော့ စစ်ဆေးသွားမှာဖြစ်ပါတယ်၊ အဲဒီလိုစစ်ဆေးလို့ ပေါ့စတစ်ဖြစ်တယ်ဆိုရင် ဝိုင်ဘီအက်စ် ခရီးသည်တင်ယာဉ် မောင်းနှင်ခွင့်ပြုမှာမဟုတ်ပါဘူး။ ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းအောင် မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ၊ မရှိ စစ်ဆေးပြီး ပြန်လည်သင်တန်းပေးပြီးတော့ တာဝန်ယူမှုတာဝန်ခံမှုရှိတဲ့ ယာဉ်မောင်းကောင်းတွေဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

YRTC၏ ကြီးကြပ်မှုအောက်တွင် ဝိုင်ဘီအက်စ် ယာဉ်လိုင်း ကုမ္ပဏီ ၂၁ ခုရှိပြီး နေ့စဉ်ဘတ်စ်ကားယာဉ်လိုင်း ၁၃၁ လိုင်း၊ ယာဉ်စီးရေ ၃၈၀၀ ခန့်ဖြင့် ခရီးသည် ၁ ဒသမ ၄ သန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ၂၀၂၃ ခုနှစ်၌ ဝိုင်ဘီအက်စ်ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၁၂၇ ဦး၊ သေဆုံးသူ ၃၅ ဦးရှိကာ ယခုနှစ်တွင် ဩဂုတ် ၂၉ ရက်အထိ ဒဏ်ရာရရှိသူ ၈၉ ဦးနှင့် သေဆုံးသူ ၃၀ ရှိကြောင်း YRTC မှ သိရသည်။

**ကိုထက်**

# မိတ္ထီလာခရိုင်အတွင်း လမ်းတံတားများ ဆောင်ရွက်နေမှု စစ်ဆေး

မိတ္ထီလာ ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းတံတားများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်နှင့် တာဝန်ရှိသူများက မိတ္ထီလာမြို့နယ်အတွင်း မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်း အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာစည်မြို့နယ်အတွင်း သူဌေးကုန်း-ဆူးပုတ်ကန်-ချောင်းစောက်ရိုးလမ်းပေါ်တွင် တံတားအရှည်ပေ ၄၀ ရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ မိတ္ထီလာ-တောင်ကြီးကားလမ်းမှကြက်မောက်-ဇီးတောလမ်း အရှည်လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၄ လက်မရှိကျောက်ချောခင်းခြင်းလုပ်ငန်းကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၁၀ ဒသမ ၄၂၆ သန်း အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



❖ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီမြေ ဂျာနယ် ထွက်ရှိ



၁-၉-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၁၇) တွင်
- ကြိုတင်ကာကွယ်ရမည့် သတိပြုစရာ မျောက်ကျောက်ရောဂါ
- စပါးအထွက်နှုန်းတိုးတက်ရန် ရာသီအလိုက် မျိုးရွေးချယ်မှု
- ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ ကေသုံးသန်းကျော် စိုက်ပျိုးရန်လျာထား
- ဆီထွက်သီးနှံအထွက်တိုးရေး လျာထားဧက ပြည့်မီစွာ စိုက်ပျိုး
- စွန့်ပစ်အမှိုက်များဖြင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်မည်
- မွေးမြူရေးငါးများ၏ အစာစားပုံ အလေ့အထများ
- တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းဖြင့် ဈေးကွက်ချဲ့ထွင်
- ဆေးဖက်ဝင် ပယင်းအကြောင်း တစေ့တစ်စောင်း စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃၇၉/၃၈၁)၊ (၈)ထပ်တိုက်၏ (၄-အက်ဖ်)၊ ထပ်ခိုးပါ၊ အလျားxအနံ(၁၅x၅၀)ပေ ဓာတ်လှေကားပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသွင်ထွန်းဦး [၁၂/ပဘတ(နိုင်)၀၃၀၃၃၈]၊ မသွင်သီထာအေး [၁၂/ပဘတ(နိုင်)၀၃၀၄၂၁]နှင့် မမြတ်သင်းအေး [၁၂/ပဘတ(နိုင်)၀၃၀၄၂၂]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးရန်အောင် (L.L.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်(၂၄/အေ)၊ ရန်ပြေ(၁၃)လမ်း၊**
**(၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၉၆၆၆၆၃၇၆၇**

## အမည်မှန်

ပျဉ်းမနား မြို့နယ်၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း (G-12)မှ မောင်ဇင်ပိုင်ချစ်၏ အမည်မှန်မှာ မောင်ဇေပိုင်ချစ် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

(ဘ) ဦးကုလား၏ သား မောင်ဘိုလင်း [၇/သဝတ(နိုင်)၁၀၀၂၂၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၀၀၇၈၅၀၇**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ (၁၁)ရပ်ကွက်၊ နိုင်လုံကျေးရွာ၊ အမှတ်(၂)နေ ဒေါ်ချစ်ဆန်းကြည် [၁၀/မဒန(နိုင်) ၁၄၃၄၃၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မမီမီထွန်း(ဘ)ဦးထွန်းအိမ် [၁၀/မဒန(နိုင်)၁၉၉၄၄၆] သည် ၎င်း၏အဒေါ်ဖြစ်သူကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ချစ်ဆန်းကြည်၏ အုပ်ထိန်းမှုဖြင့် ငယ်စဉ်ကတည်းက အတူတကွနေထိုင်ခဲ့သူဖြစ်ပြီး (၄-၅-၂၀၂၄)ရက်နေ့မှစ၍ အုပ်ထိန်းသူအဒေါ်ဖြစ်သူ ဒေါ်ချစ်ဆန်းကြည်၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိ၏ သဘောဆန္ဒအလျောက် ဒေါ်ချစ်ဆန်းကြည်၏ နေအိမ်မှဆင်းသွားခဲ့ပြီးဖြစ်ပါသဖြင့် ထိုနေ့မှစ၍ အမွေစား အမွေခံအဖြစ်မှစွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် လူမှုရေးကိစ္စမှစ၍ ၎င်းလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ငွေကြေးကိစ္စ အရှုပ်အရှင်း ပြဿနာမှန်သမျှသည် မမီမီထွန်းနှင့်သာသက်ဆိုင်ပတ်သက်ပြီးနှင့်အဆိုပါပြဿနာ အရှုပ်အရှင်းအားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချစ်ဆန်းကြည်နှင့် လုံးဝ သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချစ်ဆန်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပါးပါးနီ( LL.B,D.B.L) (စဉ်-၁၁၈၄၇ )**

**ဒေါ်ခင်မာချို( LL.B, DIPL) (စဉ်-၁၇၇၇၀)**

**တရားလွှတ်တော်ရှေ့နေများ**

**တိုက်အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၂-အေ)၊**

**ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၄)၊ အခန်း(၃၀၆)နေ မဘန်ထွယ် [၁/မကန(နိုင်)၁၁၀၃၆၀] ကိုင်ဆောင်သူက လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉(B)၊ တောင်သူကုန်း၊ မြေကွက်အမှတ်-၁/သ၁၄၊ ဟိုက်ပတ်လမ်း၊ အိမ်အမှတ်-(ခ/၅၂၀)၊ ဧရိယာ(၀.၁၄၇)ဧကအကျယ်ရှိ ဒေါ်ရီရီမြ အမည်ပေါက် မြေပိုင်မြေအမျိုးအစား၊ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၄၆x၇၃)(ခြေရင်းခြမ်း)၊ အကျယ် အဝန်းရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား အပြီးအပိုင် ရောင်းချခွင့်ရှိသော ဒေါ်နီလာမြင့် [၁၂/အစန (နိုင်) ၀၇၄၈၁၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဘန်ထွယ် [၁/မကန (နိုင်) ၁၁၀၃၆၀] ကိုင်ဆောင်သူက ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ဇော်မိုး (စဉ် - ၁၆၃၅၆)**

**ဒေါ်ခင်သန္တာ (စဉ်-၁၆၂၈၃)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၉၂)၊ ခ/၁လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၂၀၀၃၆၁၂၂၊ ၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာအုပ်စု ကွင်း/ အကွက်အမှတ် ၃၆၄-B ၊ ဦးပိုင်အမှတ် ၅/ခ၊ ညောင်တုန်းကားလမ်းမ၊ ပုံစံ ( ၇ ) အမည်ပေါက် ဒေါ်လှခင်စော [၁၂/အစန (နိုင်) ၀၃၀၉၆၄] မြေအမျိုးအစား - G - မြေ၊ ဧရိယာ - ၁.၂၁ ဧကကို လက်ဝယ်ပိုင်ဆိုင်ထားသော အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ကြည် [၉/မကန(နိုင်)၀၁၀၇၃၆] က အပြီးအပိုင် ဝယ်ယူရန်အတွက်(၂၈- ၈ -၂၀၂၄ ) ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းမြင့် (LLB, WIPO) (Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၇၇၄)**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၃၃)ပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၈) ထပ်တိုက်၏ (၇)လွှာ၊ တိုက်မျက်နှာမူလျှင် (ညာဘက်) အကျယ်အဝန်း( ၁၂ ၁/၂' x ၅၀' ) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေရှင်နှင့်ကန်ထရိုက် နှစ်ဦးသဘောတူ တည်ဆောက်ထားသည့် ကန်ထရိုက်ဘက်အခြမ်းမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဖြစ်သော ဦးမြင့်စိုး[၁၂/ကမရ(နိုင်)၀၂၈၉၈၀]က တရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရ [၁၂/ဗဟန(နိုင်)၀၉၆၅၁၁]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၂၉-၈-၂၀၂၄)ရက်နေ့တွင်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၅ )ရက်အတွင်း ကျွန်ုပ်နှင့်တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက ရောင်းချခြင်း၊ လက်ရောက်ရယူခြင်းတို့ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## မိခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ အ.ထ.က(၂) Grade-12(A)မှ မောင်ကောင်းဇင်သော်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာလာဦး [၁၂/သကတ(နိုင်)၂၁၉၃၀၁] ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာလာဦး**

## အမည်မှန်

(ဘ) ဦးအောင်ဇော်ဦး [၁၂/ဒပန(နိုင်)၀၄၂၈၇၈]၏ သမီး "ပညာကမ္ဘာ" ကိုယ်ပိုင် အထက်တန်းကျောင်း G-7 တွင် ပညာသင်ကြားနေသော မဟံယွန်းရွှေရည်၏ အမည်မှန်မှာ မဟန်ယွန်းရွှေရည် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ကွမ်သဲ) ကျောင်းမှ မောင်မြတ်မင်းကို (Grade - 9)၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသွေး [၁၀/ ခဆန ( နိုင်) ၀၈၄၃၉၀] ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသွေး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းမြင့်၏ သား ကျွန်တော် ကိုစိုးမင်းအောင်[၁၂/လသယ (နိုင်) ၀၃၂၆၇၈] နိုင်ငံကူးလက်မှတ် စာအုပ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၃၇၅၅၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ၊ မြေကွက်အမှတ်-၁/၆၃၊ ဧရိယာ ၀.၁၅၄ ဧက၊ မြေကွက်တည်နေရာအမှတ် (၄၉)၊ ဉာဏ(၃)လမ်း၊ ကာယဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန် ပေးစီမံချက်အတည်ပြုငယ်စာရင်း၊ အမည်ပေါက် ဦးမိုးလွင် [၁၂/အစန(နိုင်) ၂၁၄၄၈၃] ကိုယ်တိုင်မှ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ယခင်မြေယာ အထောက်အကူပြုအဖွဲ့၏ ၁၅-၁၂-၂၀၂၃ ရက်စွဲပါ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး၏ ၂၆-၁၂-၂၀၂၃ ရက်စွဲပါ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၆-၁၂-၂၀၂၃ ရက်စွဲပါ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တို့တင်ပြ၍ နှစ် (၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ တိုက်အမှတ်(ဘီ)၊ (စတုတ္ထထပ်)၊ အခန်းအမှတ် (၂ဘီ-၅၉၀)၊ (၁၅ပေx၄၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းကို တော်ဝင်ကုမ္ပဏီတွင် ဦးတင်ဝင်းကို [၁၂/သလန(နိုင်)၀၁၆၃၈၉]က Owner Book အမည်ပေါက်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့စာရွက်စာတမ်း မူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးညီညီသော်လင်း(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၁၈၄၂/၂၀၁၉)**

**အမှတ်-၁၅၈၊ မင်းရဲကျော်စွာ(၆)လမ်း(က)၊ (၇)ရပ်ကွက်၊**

**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၇၉၃၈၃၉၈၅၇၊ ၀၉-၇၇၈၈၃၈၅၅၆**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၁၅၅

| | |
|---|---|
| ဒေါ်ပြုံးပြုံးလွင် | ၁။ ဒေါ်ပြုံးပြုံးလွင် |
| | ၂။ ဦးတင်ထွန်း |
| | ၃။ ဦးလှသိန်း |
| (အယူခံတရားလို) | (အယူခံတရားပြိုင်များ) |

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ သဃ်န်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၉၈/၂၀၂၂အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၁-A) နေ အယူခံတရားပြိုင်(၂) ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်-၆၂ နေ အယူခံ တရားပြိုင်(၃) ဦးလှသိန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲသဲကျော်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ ပုလဲလမ်း၊ မြေကွက်အမှတ်(၅၆၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးမောင်သန်း (AA-၀၂၆၁၁၅)အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ခင်ပွန်းဖြစ်သူ ဦးမောင်သန်းသည် (၁၉-၁-၁၉၉၇)တွင် ကွယ်လွန်ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်သန်းရှင် [၁၂/မဂဒ(နိုင်)၀၃၄၅၈၇] မှ ၎င်းတစ်ဦးတည်းသာ တရားဝင်ဇနီးဖြစ်၍ အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းမရှိသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်းနှင့် ၎င်းတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်လှလှဦး [၁၂/မဂဒ (နိုင်)၀၃၄၅၈၈] မှလည်း မိခင်ဖြစ်သူ၏ ရောင်းချခြင်းအား သဘောတူသိရှိလက်ခံပါကြောင်း ဝန်ခံကတိပြုလာကြသည့်အတွက် ဒေါ်စုစုလတ် [၁၂/ကမရ(နိုင်)၀၁၉၁၅၁]မှ အဆိုပါမြေနှင့် အဆောက်အဦအား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာလွင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**

**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၄၃၂၁၈၀၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၃)လမ်း၊ (၆)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၇ပေ x ၅၄ပေ)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်ဇော်နိုင်(၁၂/ဥကမ(နိုင်)၂၆၃၁၇၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သူဇာနေဝန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၅)

ဒေါ်ထက်ထက်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၃၇၆)

**09-4080 988 22, 09-4008 600 81, 09-4588 879 18**

အမှတ် **(1/A2)**၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၃) မူလွန် ကျောင်း Grade-2(B) တွင် ပညာသင်ကြားနေသော အဖ ဦးကျော်စွာလင်း၏ သမီး မဖူးမြတ်ရွှေစင်အား မမေလင်းဖူးမြတ် ဟု ပြောင်းလဲခေါ်ပါရန်။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အလက-မကျီးရိုး၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဝေဘုန်းနိုင်၏ မိဘအမည်မှန်မှာ ဖခင် ဦးလှိုင်မြင့်ဦး [၉/သစန(နိုင်)၁၅၁၃၈၂]နှင့် မိခင် ဒေါ်တင်မာဦး [၉/သစန(နိုင်)၁၄၅၅၇၁] ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက(၂)၊ Grade-12တွင် ပညာသင်ကြားနေသော မောင်ခိုင်စိုးဝင်း၏ မိဘ အမည်မှန်မှာ ဖခင် ဦးခင်မောင်အေး [၉/သစန(နိုင်)၀၇၇၄၇၈] နှင့် မိခင် ဒေါ်သင်းသင်း [၉/သစန(နိုင်)၀၇၇၄၉၁] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(ခွဲ) ဘုရားငါးဆူ၊ Grade-12 တွင် ပညာသင်ကြားနေသော မချစ်သဲဝေ ၏ ဖခင်အမည်မှန်မှာ ဦးချစ်ဆန်းမောင် [၉/သစန(နိုင်)၁၅၂၅၁၄] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၅။ (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၉-၂၀၂၄) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊မြေကွက်အမှတ်(၁၈၀)၊ဧရိယာ(၀.၀၅၅)ဧကရှိဒေါ်တင်မြအမည်ပေါက်သည့်နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသောခေါင်းရင်းခြမ်းအကျယ်အဝန်း(၂၀ပေX၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိသာကေတမြို့နယ်၊(၇/အရှေ့)ရပ်ကွက်၊အောင်သပြေအနောက်(၁)လမ်း၊အမှတ်(၉)ဟုခေါ်တွင်သည့်အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်အမွေဆက်ခံ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူများဖြစ်သောဦးသူရဌေး(၁၂/သကတ(နိုင်)၁၅၃၃၉၄)+၂ တို့ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ထွန်း**LL.B.,L.L.M**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-**B-2**ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း၀၉–၄၀၈၁၈၅၅၉၉၉။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၃)၊ ပိုလ်နေဝင်းလမ်း၊ မြေကွက်အမှတ် (၉၀၉)၊ အကျယ်အဝန်း (၄၀ပေ X ၆၀ပေ)အကျယ်ရှိ ဦးမြင့်အောင်အမည်ဖြင့်ချထားပေးသော ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေ X ၆၀ပေ)အကျယ်ရှိ မြေကွက်အမှတ်(၉၁၀)နှင့်ကပ်လျက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးခင်ဦး(၁၂/ခရန(နိုင်) ၀၀၈၅၂၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှ စ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိ ပါကဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှမြင့်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(၇၂၂၂/၂၀၀၄)
အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်(ဘီ ၂)၊ ၃၆လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
### စင်ကာပူ–မြန်မာသက်မွေးပညာသင်တန်းကျောင်း(SMVTI)
### သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) စနစ်ဟောင်းတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ စနစ်သစ် Grade–12 အောင်မြင်ပြီးသူ၊ စနစ်ဟောင်း တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ၊ စနစ်သစ် Grade–12 ပြီးမြောက်ကြောင်း လက်မှတ်ရရှိထားသူနှင့် GTHS အောင်မြင်သူများ လျှောက်ထားနိုင်ပြီး အသက် (၁၇)နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။

(၂) သင်တန်းကာလ (၆)လကို ပြီးဆုံးသည့်အထိ တက်ရောက်ရမည်ဖြစ်ပြီး၊ အောင်မြင်ပါက သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြုအောင်လက်မှတ်(Certificate)ရရှိပါမည်။

(၃) ခေတ်မီ Lab ပစ္စည်းများအသုံးပြု၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးပါမည်။

(၄) Hospitality & Tourism နှင့် Engineering & Technology ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၅) နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းများဆောင်ရွက်ရန်နှင့် သင်တန်းပြီးဆုံးပါက သက်ဆိုင်သောလုပ်ငန်းခွင်သို့ ဝင်နိုင်မည့် သင်တန်းသား၊ သင်တန်းသူများကို ဦးစားပေးပါမည်။

(၆) လျှောက်ထားရာတွင် ပညာရေးအထောက်အထားမိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ပတ်(စ်)ပို့ ဓာတ်ပုံ (၃)ပုံ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

(၇) လျှောက်ထားသည့်အချိန်တွင် ပညာရေးအထောက်အထားမူရင်း၊ အမှတ်စာရင်းမူရင်းတို့အား (တိုက်ဆိုင်စစ်ဆေးရန်အတွက်) တစ်ပါတည်းတင်ပြနိုင်ရမည်။

(၈) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

**Course for Hospitality & Tourism (13th Batch)**

1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations

**Courses for Engineering & Technology(12th Batch)**

1. Electrical Technology
2. Electronics
3. Residential Air–Conditioning
4. Building Fixtures and Equipment
5. Mechatronics (Basic Servicing)
6. General Welding

သင်တန်းဖွင့်လှစ်မည့်ရက် – ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်
သင်တန်းနေရာ – စင်ကာပူ–မြန်မာသက်မွေးပညာသင်တန်းကျောင်း၊ အမှတ်– ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်စုံစမ်းရန်ဖုန်း – ၀၉–၇၈၁၀၀၂၅၇၂

[လျှောက်ထားခြင်းကို (၂–၉–၂၀၂၄) ရက်နေ့မှ (၄–၁၀–၂၀၂၄) ရက်နေ့အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

မှတ်ချက်။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ဦးကျော်သက်ဦး (ဘ) ဦးပေါက်စ [၁၂/မဂတ(နိုင်) ၀၉၃၅၉၃]၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–450011881**

### ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၊ လူနေရပ်ကွက်အမှတ်–၉၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်– ၆၁၇(ခ)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဒေါ်အေးသန်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက် ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဦးမြတ်သူရ [၁၂/မဂတ(နိုင်) ၀၆၈၅၂၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဝေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လဲ့လဲ့ဝေ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ရကန(နိုင်)၀၇၂၈၅၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်– ၇၆၅၂)** |
| **အမှတ်–၂၃၃၊** | **အမှတ်– ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ရာဇဓိရာဇ်လမ်း၊ (၈)ရပ်ကွက်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ရွှေပြည်သာမြို့နယ်။** | **ဖုန်း–၀၉–၅၁၈၉၆၈၉** |

# ၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ကျင်းပမည့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲ (Special EPS-TOPIK) ကြေညာချက်

ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီး ဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနည်းဆုံး(၃)နှစ်ထက်ပို၍ တရားဝင် ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ နောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက် အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး (Ubiquitous Based Test UBT စနစ်ဖြင့်) ကျင်းပပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာ တင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**၁။ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်မည့်နေ့ရက် | |
|---|---|---|---|
| (က) | စာမေးပွဲဖြေဆိုခွင့် Online Application ဖြင့် လျှောက်ထားခြင်း | ၉-၉-၂၀၂၄ | ၁၀-၉-၂၀၂၄ |
| (ခ) | စာမေးပွဲကျင်းပမည့် နေ့ရက် အချိန် ကြေညာခြင်း | ၂၃-၉-၂၀၂၄ | |
| (ဂ) | စာမေးပွဲကျင်းပခြင်း | ၁-၁၀-၂၀၂၄ | ၄-၁၀-၂၀၂၄ |
| (ဃ) | စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၈-၁၀-၂၀၂၄ | |

**၂။ စာမေးပွဲကျင်းပမည့် အချိန်**

| ဖြေဆိုရမည့် အချိန် | ဖြေဆိုသူများအား စစ်ဆေး ဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) (၂၅ မိနစ်) | အကြားစွမ်းရည် (Listening)(၂၅ မိနစ်) |
| ပထမပိုင်း | ၈:၅၀ မှ ၉:၀၀ | ၉:၀၀ မှ ၉:၃၀ | ၉:၃၀ မှ ၉:၅၅ | ၉:၅၅ မှ ၁၀:၂၀ |
| ဒုတိယပိုင်း | ၁၀:၂၀ မှ ၁၀:၃၀ | ၁၀:၃၀ မှ ၁၁:၀၀ | ၁၁:၀၀ မှ ၁၁:၂၅ | ၁၁:၂၅ မှ ၁၁:၅၀ |
| တတိယပိုင်း | ၁၂:၅၀ မှ ၁၃:၀၀ | ၁၃:၀၀ မှ ၁၃:၃၀ | ၁၃:၃၀ မှ ၁၃:၅၅ | ၁၃:၅၅ မှ ၁၄:၂၀ |
| စတုတ္ထပိုင်း | ၁၄:၂၀ မှ ၁၄:၃၀ | ၁၄:၃၀ မှ ၁၅:၀၀ | ၁၅:၀၀ မှ ၁၅:၂၅ | ၁၅:၂၅ မှ ၁၅:၅၀ |

*****ဖြေဆိုသူများသတိပြုရန်**

- (၉:၃၀)နာရီမှ (၁၀:၂၀)နာရီထိ (ပထမပိုင်း)၊ (၁၁:၀၀)နာရီမှ (၁၁:၅၀)နာရီထိ (ဒုတိယပိုင်း)၊ (၁၃:၃၀)နာရီမှ (၁၄:၂၀)နာရီထိ (တတိယပိုင်း)နှင့် (၁၅:၀၀)နာရီမှ (၁၅:၅၀)နာရီထိ (စတုတ္ထပိုင်း)။
- **စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် (၈:၃၀)နာရီ တွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် (၁၀:၀၀)နာရီတွင်လည်းကောင်း၊ တတိယပိုင်း ဖြေဆိုမည့်သူများသည် (၁၂:၃၀)နာရီ တွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုမည့်သူများသည်(၁၄:၀၀)နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။**

**၃။ စာမေးပွဲကျင်းပမည့်နေရာ**

- အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ ပင်လုံခန်းမ၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။

**၄။ ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက် အမှတ်(၁၁၀)အထက် ရရှိသူများအား အမှတ်အများ/အနည်းအလိုက် သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့်ရရှိမည်။ |

**၅။ သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
**(၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့မှ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့အတွင်း မွေးဖွားသူ)**

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာရန် တားမြစ်ခြင်း မခံရသူ၊

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ခြင်း/ပြန်ပို့ခြင်း မခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)၊

(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ပြုလုပ်ပါမည်)၊

(င) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ။

**၆။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲလျှောက်လွှာ တင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook "POEA-EPS တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံကူးလက်မှတ် (scanned passport) ပူးတွဲတင်ပြရာတွင် -

(ကက) ယခင်ကိုရီးယားသမ္မတနိုင်ငံ၌ အလုပ်လုပ်ကိုင်ခဲ့စဉ် ကိုင်ဆောင်ခဲ့သည့်နိုင်ငံကူးလက်မှတ် (passport) (သို့မဟုတ်) လက်ရှိ နိုင်ငံကူးလက်မှတ်၊

(ခခ) ပူးတွဲနိုင်ငံကူးလက်မှတ်(scanned passport) ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည် ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) File size – Under 100kb
(၂) Resolution – 600 Pixels.
(၃) File type – JPEG.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင်-

(ကက) (၃)လအတွင်း ရိုက်ထားသည့်ဓာတ်ပုံဖြစ်ရမည်၊

(ခခ) ပူးတွဲဓာတ်ပုံနှင့် passport စာအုပ်ပါ ဓာတ်ပုံတို့သည် တစ်ဦးတည်းဖြစ်ရမည်၊

(ဂဂ) ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) File size – Under 15 kb
(၂) Resolution – 100-300 Pixels.
(၃) File type – JPEG.

(ဃဃ) ဓာတ်ပုံနောက်ခံအရောင် – အဖြူရောင်

(၃) Online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီ၏ facebook POEA-EPS တွင် ထပ်မံ ကြေညာမည်ဖြစ်ပါသည်။

(ခ) စာမေးပွဲမှတ်ပုံတင်ကြေး – အမေရိကန်ဒေါ်လာ(၂၈)
– လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုး **(မလွှဲ မရှောင်သာသည့် ကိစ္စရပ်တစ်ခုခု)**ကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာ လက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့် အပြင် စာမေးပွဲမှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်။

**၇။ စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့် အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းများ | | |
|---|---|---|---|
| ၂၀၁၆ | ကိုရီးယားသမ္မတနိုင်ငံတွင်း ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | လုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်မှုလက်မှတ်ရ သင်တန်းများ |
| ၂၀၁၇ ခုနှစ်မှ စတင်၍ | ကိုရီးယားသမ္မတနိုင်ငံမှပြုလုပ်သည့် TOPIK အဆင့်(၃) သင်တန်းဆင်း အောင်လက်မှတ်ရရှိပါက အမှတ် ၅-မှတ် ရရှိပါမည်။<br>စာမေးပွဲမှတ်ပုံတင်ကြေးကင်းလွတ်ခွင့် ရရှိပါမည်။ | ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲအဆင့်-၃ အထက်ရရှိပါက အမှတ်(၂၀)ရရှိပါမည်။<br>စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ | -လုပ်ငန်းထူထောင်ခြင်း၊ (လုပ်ငန်းရှင်ဆိုင်ရာသင်တန်း ဆင်း လက်မှတ်ရှိပါက အမှတ် (၅)မှတ်ရရှိပါမည်)<br>စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ |

မှတ်ချက်။ အထက်ဖော်ပြပါ ထပ်တိုးရမှတ်များအတွက် အထောက်အထားစာရွက်စာတမ်းနှင့်အတူ လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။

**၈။ စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀-ပုဒ် (လုပ်ငန်းဆိုင်ရာ ၁၀-ပုဒ်၊ အထွေထွေ ၁၀-ပုဒ်) | ၁၀၀ | ၂၅ မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည်။ |
| အကြားစွမ်းရည် (Listing) | ၂၀-ပုဒ် | ၁၀၀ | ၂၅ မိနစ် | |
| စုစုပေါင်း | ၄၀-ပုဒ် | ၂၀၀ | ၅၀-မိနစ် | |

မှတ်ချက်။ စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကိုအခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု download ရယူနိုင်ပါသည်။ webpage (http;//epstopik,hrdkorea.or.kr)

**၉။ စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

ကြေညာမည့်နည်းလမ်း -

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA-EPS ၊

(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယာဘာသာ အရည်အချင်းစစ် စာမေးပွဲ EPS-TOPIK နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Webpage, (http;//epstopik, hrdkorea.or.kr)

(၃) စာမေးပွဲသက်တမ်း(၈-၁၀-၂၀၂၄) ရက်နေ့မှ (၇-၁၀-၂၀၂၆) ရက်နေ့အထိ (အောင်စာရင်းထုတ်ပြန်ကြော်ငြာသည့်နေ့မှ (၂)နှစ်တာ)

၁၀။ စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရမည့် စာရွက်စာတမ်းများ -

(က) ဖြေဆိုခွင့်ကတ်ပြား၊

(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်) မူရင်း (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား၊
အထက်အပိုဒ်(က)၊(ခ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက် ဖြေဆိုခွင့်မရှိပါ။

**၁၁။ သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်မြင်သူများ၏ အောင်စာရင်းကို(၈-၁၀-၂၀၂၄)ရက်နေ့တွင် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ Facebook၊ POEA-EPS နှင့် HRD-Korea၊ EPS-TOPIK website ဖြစ်သော http://epstopik. hrdkorea.or.kr တွင် အသိပေးကြေညာမည်ဖြစ်ပါသည်။

(ခ) စာမေးပွဲလျှောက်လွှာတင်သွင်းရာတွင် ကာယကံရှင်၏ဆန္ဒဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) စာမေးပွဲဖြေဆိုချိန်တွင် အမှန်မကန်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်ဖုန်း၊ Smart Watch၊ Bluetooth earphones၊ အခြားလျှပ်စစ်ပစ္စည်း စသည်များ) ယူဆောင်လာခွင့်မရှိပါ။

(ဃ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄) နှစ်ကြာပိတ်ပင်ခြင်း ခံရမည်ဖြစ်ပါသည်။

(င) စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူး လက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူး သတိပေး အပ်ပါသည်။

(စ) ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်း ခွင်ရောက်ရှိပြီးနောက် တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလ ပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက် နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးအထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးအဖြစ် ၁၅၀၀,၀၀ဝိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၅၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းသို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံ ကြေးဆုံးရှုံးမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ❖ စာမေးပွဲအောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယား သမ္မတနိုင်ငံသို့ ကျိန်းသေ သွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။
- ❖ ကိုရီးယားသမ္မတနိုင်ငံတွင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အလုပ်လုပ်ခွင့် ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ်ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ် ပါသည်။

- ❖ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်း သာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင် လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင် ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။
- ❖ ကျန်းမာကြံ့ခိုင်ပြီး မျက်လုံးအရောင်ခွဲခြားနိုင်သူ (Color Blind မဖြစ်ရ)ဖြစ်ရမည်၊ ရုပ်ပိုင်းဆိုင်ရာ(လက်ချောင်း/ ခြေချောင်း မပြည့် စုံခြင်းကဲ့သို့သော)ချို့ယွင်းချက်မရှိသူ ဖြစ်ရပါမည်။

- ❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင် သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီးအမြန်ဆုံး ထွက်ခွာ သွားရောက်နိုင်ရန်ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည် လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံး နစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

## “အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဝင်းဇော် (ဘ) ဦးအောင်ဝင်း [၁၂/လမန(နိုင်)၁၃၃၁၂၈]မှ ဦးတင်နိုင်ထွေး (ဘ) ဦးဉာဏ်ရှိန် [၁၂/သကတ(နိုင်)၁၂၂၉၅၆]ထံသို့ (၃၁-၃-၂၀၁၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၂၂/၂၀၁၄) ဖြင့် ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်ဆုလွင်မောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၆၄)**
**ရုံးခန်းအမှတ်– ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်– ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၀၉၈၉၃**

## မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဂရန်အမည်ပေါက် ဒေါ်ဝင်းဝင်းရီ [၁၄/မမက(နိုင်) ၁၃၆၅၇၀] သို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၂)၊ လူနေရပ်ကွက် အမှတ် (၆)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၆၈/ခ)၊ မြေအကျယ်ရေိယာ ပေ(၂၀x၆၀)၊ (၁၂၀၀–စတုရန်းပေ)၊ ဒေါ်ဝင်းဝင်းရီ (ယခုနေရပ်လိပ်စာမသိ) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဦးနွဲ့ရီ [၁၁/စတန(နိုင်) ၁၁၄၉၃၀]က (၂၀–၈–၂၀၂၄)ရက်နေ့က ဆက်နွယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပြီး ယခုအခါ မြေအမည်ပေါက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် အကြောင်းကြားအပ်ပါသည်။

ဤကြော်ငြာချက်သတင်းစာတွင်ပါပြီးနောက် (၇)ရက်အတွင်း (၈–၉–၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်ပြုလုပ်ခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ဦးနွဲ့ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇင်လင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၇၄၄/၂၀၁၇)**
**အမှတ် (၁၂၄၂)၊ မြရတနာလမ်း၊ (၂၄) ရပ်ကွက်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၈၆၂၅၂၄၁၇၊ ၀၉–၄၀၀၄၆၂၅၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု(မြောက်ပိုင်း)၊ ခွာညိုလမ်းရှိ အကျယ်အဝန်း (၃၃x၁၀၀)ပေ ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထွန်းကြိုင် [၁၂/မဂဒ(နိုင်) ၀၇၆၂၉၇]၊ ဦးဇော်ထွန်း [၁၂/မဂဒ(နိုင်) ၀၁၅၁၆၀]နှင့် ဦးရန်အောင်စိုး [၁၂/မဂဒ(နိုင်) ၀၅၃၅၂၄]တို့ထံမှ (၂၃–၈–၂၀၂၃) ရက်နေ့တွင် အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကာ ဥပဒေနှင့်အညီ တရားဝင် ရောင်းချခွင့်ရှိ၍ အထက်ပါမြေကွက်အား ရောင်းချလိုကြောင်းကမ်းလှမ်းသူ ဦးစိုးနိုင် [၁၂/ရကန(နိုင်) ၀၄၀၈၅၀]နှင့် ဒေါ်ပပဝင်း [၈/မလန(နိုင်) ၀၁၀၀၇၂]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၀၃၅)**
**ရုံး – အမှတ်(၄၉၃)၊ အခန်း(၁)ပထမထပ်၊ နဂါးရုံဘုရားလမ်း (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၇၈၀၃၄၆၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၊ လူနေရပ်ကွက်အမှတ်– ၃၊ ရန်ပြေလမ်း (၂၀)အရှေ့၊ မြေကွက်အမှတ် (၁၃၀၃/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ထိုက်ကို [၆/ထဝန(နိုင်) ၁၀၀၉၉၂]မှ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှမြင့်သူ [၁၂/သကတ(နိုင်) ၁၂၉၉၆၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ခိုင်ဇော် ( LL.B, D.I.P.L )**
**အထက်တန်းရှေ့နေ (စဉ်– ၅၀၈၉၀)**
**အမှတ် (၆၀၆)၊ ဝေဇယန္တာအနောက် (၁၃)လမ်း၊ ၆–ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၈၉၅၃၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမပင်လမ်း၊ တိုက်အမှတ်(၇) ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်၊ အခန်းအမှတ်(B–1)၊ အကျယ်အဝန်း (12$\frac{1}{2}$ပေx 50ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းနံရံတွင်စွဲကပ်နေသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းပိုင်ရှင်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းထွန်း [၁၂/ကမတ(နိုင်) ၀၅၄၁၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိမ့်သိမ့်မြတ် [၇/အဖန(နိုင်) ၀၆၆၉၈၇]က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်သန်း (လမ်းမတော်) B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၉၅၉)**
**အမှတ်(၁၁၄) ၊ ဆင်မင်းလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– 09–421093312**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ ပန်းဝါလမ်း၊ မြေကွက်အမှတ်(၁၀၅၇)၊ မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိသော မြေအမျိုးအစား– ပါမစ်မြေကွက်ကြီးအနက်မှ (မြေကွက်အမှတ်– ၁၀၅၈ မြေကွက်နှင့် ကပ်လျက်ဘက်ခြမ်း)ရှိသော မြေအကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိသည့် ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအေးဇော် [၁၄/ဒဒရ(နိုင်) ၀၉၂၅၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆွေ [၉/တသန(နိုင်) ၀၅၃၀၃၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှမော်ထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၁၉)**
**အမှတ်(၉၂၇)၊ မြေညီ၊ မာဃ(၁၂)လမ်း၊**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၃၀၀၀၆၂၆၊ ၀၉–၄၅၆၃၃၂၇၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ် (ယမုံနာ– ၁)၊ မြေကွက်အမှတ်(ခ/၂၄၇)၊ အလျား (၂၅x၅၀)ပေအကျယ်ရှိ မြေကွက်မှာ ဦးမောင်မောင် [၁၂/ဒပန(နိုင်)၀၂၀၂၃၂]+ ဒေါ်မြင့်မြင့်မော် [၁၂/ဒပန(နိုင်) ၀၂၀၂၇၀] အမည်ပေါက်လျက်ရှိပြီး မြေကွက်လိပ်စာမှာ (၃၂၂/ခ)၊ အောင်မေတ္တာလမ်းအလယ်၊ ယမုံနာ(၁)ဒေါပုံမြို့နယ်ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ (ခြေရင်း)အခြမ်း၊ (၁၂ပေခွဲx ပေ၅၀) အကျယ်မြေကွက်နှင့် နေအိမ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးသန်းနိုင် (ဘ) ဦးဟန်ငွေ [၁၂/ဒပန(နိုင်) ၀၅၀၂၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။

သို့ဖြစ်ပါ၍ ၎င်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၍ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၂၃၅)**
**အမှတ် (၁၀၇)၊ သဘော်ကျင်း(၉)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09–5050799**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြောက်)၊ လူနေရပ်ကွက်အမှတ် (၄/မြောက်)၊ မြို့မ(၁၁)လမ်း၊ အမှတ်(၃၁၈/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဖခင် ဦးကြည် [၁၂/သကတ(နိုင်) ၀၁၇၈၆၄] အမည်ဖြင့် မှတ်သားတည်ရှိပြီး ကွယ်လွန်သူဖခင်၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော ၁။ ဒေါ်အုန်းမြ [၁၂/သကတ(နိုင်) ၀၁၈၂၀၈]၊ ၂။ ဒေါ်ခင်ခင်ရှိန် [၁၂/သကတ(နိုင်) ၀၁၈၂၀၆]၊ ၃။ ဦးမြဟန် [၁၂/သကတ(နိုင်) ၀၂၂၆၀၀]၊ ၄။ ဒေါ်မိုးမိုးမြင့် [၁၂/သကတ(နိုင်) ၀၀၃၁၄၃)တို့မှ အဆိုပါ အိမ်ခြံမြေကို အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးကိုကိုအောင် [၁၂/လမန(နိုင်) ၁၃၉၇၈၇]မှ ဝယ်ယူရန် အိမ်ခြံမြေ၏တန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၁၅) (၁၄–၂–၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၁၈၀၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်လမ်းသွယ်၊ အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ် (၂၁)၊ ဧရိယာ (၀.၀၅၆)ဧကရှိ ဂရန်အမှုတွဲအမှတ်–DORPNO– ၁၅၈ V/ (၆၅–၆၆) (၄–၆–၆၆ မှ ၃–၆–၇၆)အရ မောင်မြဟံ၊ မသောင်းရှင် အမည်ပေါက် ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဦးမျိုးညွန့် [၁၂/တမန (နိုင်) ၀၃၁၉၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၆၉၁)**
**အမှတ် (၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၅၀၉၂၁၀၆**

## “ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ်(၃၇၂)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သော အိမ်ခြံမြေဖြစ်ပြီး၊ မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့မရှိကြောင်း ဝန်ခံကတိပြုသည့် **ဦးခိုင်သိန်းဦး [၁၂/သကတ(နိုင်) ၀၃၈၇၃၅]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ယင်းအိမ်ခြံမြေနှင့် သက်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံကန့်ကွက်မှုမရှိပါက ဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
**Ph: 09–972734996, 09–791454531**

## “ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ နဝရတ်(၃)လမ်း၊ မြေကွက်အမှတ်(၆၈၆)၊ ဧရိယာ(၀.၀၆၀)ဧက၊ အကျယ်အဝန်း (၄၀ပေ x ၆၅ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သော အိမ်ခြံမြေဖြစ်ပြီး၊ မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့မရှိကြောင်း ဝန်ခံကတိပြုသည့် **ဦးနိုင်ဦး [၁၂/တမန(နိုင်) ၀၀၁၂၅၁]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ယင်းအိမ်ခြံမြေနှင့် သက်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံကန့်ကွက်မှုမရှိပါက ဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်– ၄၂၈၉၉)**
**Ph: 09–972734996, 09–791454531**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–အမှတ် (၂၇/၄)၊ ဒဂုံမြို့ဦးရိပ်မွန်၊ ရွှေပင်လုံအိမ်ရာစီမံကိန်း၊အပိုင်း(၄)၊ မြေကွက်အမှတ်–(၁၃၅)၊ မြေဧရိယာ(၉၃၀၀)စတုရန်းပေ၊ အလျား ၉၃ပေx အနံ ၁၀၀ပေ၊ မြေအမျိုးအစား– နှစ် ၆၀ ဂရန်မြေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် RC အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စုစီလာကူမာရီ [၁၂/ပဘတ(ပြု) ၀၀၀၁၄၉] အမည်ဖြင့် မြေငှားဂရန်ရရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်စုစီလာကူမာရီမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူလျှောက်ထားခြင်း၊ အာမခံတင်ခြင်းများပြုလုပ်ပါက ကျွန်မအနေဖြင့် သဘောမတူ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစီလာကူမာရီ**
**[၁၂/ပဘတ(ပြု)၀၀၀၁၄၉]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ပြည်ထောင်စုလမ်းမကြီး၊ မြေကွက်အမှတ်(ပ/၈၆)၊ မြေအကျယ်အဝန်း (၄၆ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၆၃)ဧက၊ (၂၇၆၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးထွန်းမြင့်(ခ)ဦးထိန်လင်း [၈/ပခက(နိုင်) ၁၅၇၇၇၉]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** | **(စဉ်–၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၂၀/၂၂)ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ၊ (၈)ထပ်တိုက်၏ တတိယထပ်၊ (၄–လွှာ)၊ (အမှတ်– ၂၀ ဘက်အခြမ်း/ထောင့်ခန်း)၊ အကျယ်အဝန်း (၁၇$\frac{၁}{၂}$x ၇၅)ပေခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်နန်းစံမွန်း [၁၃/မယန(နိုင်) ၀၀၃၂၇၃]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ငွန်ထနဲမ်း [၄/ထတလ(နိုင်) ၀၂၈၃၂၉]မှ တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း– ၀၉ – ၄၂၁၀၃၅၉၆၃** | **ဖုန်း– ၀၉ – ၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါများခြင်းပင်ဖြစ်...**

❖ **ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ရှုံးထွက်အဆင့် တက်ရောက်သည့် အသင်းအချို့ထွက်ပေါ်

ရန်ကုန် ဩဂုတ် ၃၀

၂၀၂၄ MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၃၀ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ရှုံးထွက်အဆင့် တက်ရောက်သည့် အသင်းအချို့ ထွက်ပေါ်လာသည်။

**အနိုင်ရရှိ**

ဩဂုတ် ၃၀ ရက်က ကျင်းပသည့်ပွဲစဉ်များတွင် Winner Soccer အသင်းက KKY အသင်းကို သုံးဂိုး-နှစ်ဂိုး၊ 7 Brother အသင်းက Yankin Brotherhood အသင်းကို ငါးဂိုး-သုံးဂိုး၊ MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၂၁ ဂိုး-ဂိုးမရှိ၊ UPK အသင်းက တော်ဝင်နန်းအသင်းကို ငါးဂိုးပြတ်၊ လက်ရှိချန်ပီယံ VUC အသင်းက Pacific Sun Far အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ Power HBI အသင်းက Noka United အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ○



VUC အသင်းနှင့် Pacific Sun Far အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်**

စာမျက်နှာ » ၆

**မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄



စူပါရေချမ်း၏ ညာလက်သီး ဆူတင် မျက်နှာကို ထိမှန်နေစဉ်။

## ONE Friday Fights 77 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်း အမှတ်ဖြင့် အရေးနိမ့်

ရန်ကုန် ဩဂုတ် ၃၀

ONE Friday Fights 77 ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ စူပါရေချမ်း အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ■

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿတောင်ပိုင်းကမ်းလွန်) တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**ပိုမိုအားကောင်းလာနိုင်**

အဆိုပါ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿတောင်ပိုင်း ကမ်းခြေအနီးတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမို အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

